ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်၊ အင်္ဂါနေ့။ Tuesday, 2 July 2019 ၉၆၉၈

# မန္တလေးမြို့ရှိ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာ တိုက်ခန်းများအား အမှန်တကယ်နေထိုင်လိုသူများရရှိစေရန် စီစဉ်ရောင်းချပေးမည်

**မန္တလေး ဇူလိုင် ၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်တည်ဆောက်ပြီးစီးသည့် ချမ်းမြသာစည်မြို့နယ်ရှိ မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ရောင်းချရာတွင် အမှန်တကယ်နေထိုင်လိုသူများသာ ရရှိစေရန်အတွက် နည်းလမ်းတစ်မျိုးဖြင့် ကြပ်မတ်စီစဉ်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။



**ရောင်းချပေးခဲ့ပြီးဖြစ်**

လက်ရှိတွင် အဆိုပါကော်မတီက တည်ဆောက်ပြီးစီးနေသည့် မြရည်နန္ဒာရပ်ကွက်ရှိ တန်ဖိုးမျှတအိမ်ရာတိုက်ခန်းပေါင်း ၅၄၂ ခန်းကို မန္တလေးခရိုင်ခြောက်မြို့နယ်အတွင်းရှိ အရပ်ဘက်နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ရောင်းချပေးနိုင်ရန် လျှောက်လွှာတစ်စောင်လျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဇွန် ၁၇ ရက်မှ ၃၀ ရက်အထိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်း ရောင်းချပေးခဲ့ရာ လာရောက်လျှောက်ထားသူ အရပ်ဘက်နိုင်ငံ့ဝန်ထမ်း ၁၂၂၁ ဦးနှင့် အငြိမ်းစားဝန်ထမ်း ၄၁၂ ဦး စုစုပေါင်း လျှောက်လွှာ ၁၆၃၃ စောင်ကို ရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"အရင်တစ်ခေါက်က ရောင်းချပေးခဲ့တဲ့ တိုက်ခန်းတွေကို လျှောက်လွှာတင်ပြီး မဲနှိုက်ပေးမယ့် မြေညီထပ်နဲ့ **စာမျက်နှာ ၇ ကော်လံ ၃ သို့ ❍**

# မုံရွာ-ဟုမ္မလင်း ချမ်းငြိမ်းနှစ်ထပ်သင်္ဘောခရီးစဉ် ဇူလိုင် ၁ ရက်တွင် စတင်ပြေးဆွဲ

**မုံရွာ ဇူလိုင် ၁**

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် မျိုးဇင်ယော် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတို့ပူးပေါင်း၍ မုံရွာ-ဟုမ္မလင်း ချမ်းငြိမ်းနှစ်ထပ်သင်္ဘောခရီးစဉ်ကို ဇူလိုင် ၁ ရက် နံနက်က စတင်ပြေးဆွဲပြီဖြစ်ကြောင်း သိရသည်။

**ကုန်ချိန်တန် ၇၀ ကျော်တင်နိုင်**

"မနက် ၆ နာရီက မုံရွာဆိပ်ကမ်းကနေ ထွက်သွားတယ်။ အထက်တန်းခရီးသည် ၁၁ ဦးနဲ့ ကုန်ချိန် ၃၇ တန် ပါတယ်။ ဗုဒ္ဓဟူးနေ့မနက်မှာ ဟုမ္မလင်းရောက်ပါမယ်။ ချမ်းငြိမ်းနှစ်ထပ်သင်္ဘောက ခရီးသည် ၂၀၀ ကျော်နဲ့ ကုန်ချိန်တန် ၇၀ ကျော် တင်နိုင်ပါတယ်။ စတင်ပြေးဆွဲတဲ့ တစ်ခေါက်၊ နှစ်ခေါက်ကတော့ ခရီးသည်နည်းတာထုံးစံပါ" ဟု မုံရွာမြို့ ချင်းတွင်းရေကြောင်းရုံးမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလေးနိုင်က ပြောသည်။



**တနင်္လာနေ့နံနက်တွင် ထွက်မည်**

အပတ်စဉ် မုံရွာမြို့မှ တနင်္လာနေ့နံနက်တွင် ထွက်မည်ဖြစ်ပြီး ဟုမ္မလင်းသို့ ဗုဒ္ဓဟူးနေ့တွင် ရောက်ရှိမည်ဖြစ်ကာ ဟုမ္မလင်းမှ သောကြာနေ့တွင် ပြန်လည်ထွက်၍ စနေနေ့တွင် မုံရွာသို့ရောက်ရှိမည်ဖြစ်သည်။

ချမ်းငြိမ်းသင်္ဘောဖြင့် ပြေးဆွဲမှုစတင်နေသလို ဇူလိုင်တတိယပတ်တွင် ပြည်တွင်းရေကြောင်းနှင့် မျိုးဇင်ယော်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းတို့ **စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

ကြေးမုံ ယနေ့ဖတ်စရာ

တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန် — စာမျက်နှာ » ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းရပ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်တစ်ရပ် ထုတ်ပြန် — စာမျက်နှာ » ၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းအချက်အလက်များ ရယူနိုင်မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံ — စာမျက်နှာ » ၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

ကြေးမုံ

# လယ်ယာကဏ္ဍအဆင့် ဝိုင်းဝန်းမြှင့်တင်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဇွန်လ ၂၈ ရက်နေ့က ဓနုဖြူမြို့ လယ်ယာဝန်ဆောင်မှုစင်တာ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ဒေသခံတောင်သူလယ်သမားများနှင့်တွေ့ဆုံပွဲတွင် ဒေသခံတောင်သူလယ်သမားများ လူမှုဘဝမြင့်မားတိုးတက်ရေးအတွက် ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး နည်းလမ်းရှာဖွေပေးခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ၏ ဆွေးနွေးမှုများကိုတက်ရောက်လာကြသည့် ဒေသခံတောင်သူလယ်သမား ၁၉၆၃ ဦး၊ ဒေသခံဆန်စက်လုပ်ငန်းရှင်၊ ဆန်ကုန်သည်နှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော် ၄၀၀၊ လွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာဧည့်သည်တော် ၁၁၂ ဦး စုစုပေါင်း ၂၄၇၅ ဦးတို့ သိရှိနားလည်ခဲ့ကြသည်ဖြစ်၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အထောက်အပံ့ကောင်းများဖြစ်စေပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ထိပ်ဆုံးနေရာတွင်ရှိနေပြီး ယခုအချိန်အထိ ဦးဆောင်လျက်ရှိပါသည်။ သို့သော် လယ်ယာစီးပွားဖွံ့ဖြိုးရေးတွင် နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်၊ အထောက်အပံ့အကူအညီ စသည့်လိုအပ်ချက်များရှိနေကြောင်း တောင်သူများက ထုတ်ဖော်ဖွင့်ဟကြပါသည်။

လယ်ယာကဏ္ဍတွင် လိုအပ်သည့် စီမံကိန်းများ၊ ဓာတ်မြေဩဇာ၊ မျိုးစပါး၊ ရေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးအပါအဝင် လိုအပ်သည့် သိုလှောင်ရုံများ၊ အခြောက်ခံစက်များ၊ မျိုးကောင်း မျိုးသန့်ရရှိရေး၊ ဈေးကွက်ရရှိရေး စသည်တို့မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လုပ်ကိုင်ပေးရမည့် အစီအစဉ်များဖြစ်သည်။ ယင်းတို့ကို နိုင်ငံတော်က တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေသော်လည်း ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးပြောင်းလဲမှုအခြေအနေအရ ကြုံတွေ့လာနိုင်သော အခက်အခဲတို့ကို တောင်သူလယ်သမားများကလည်း မျက်ခြည်မပြတ်လေ့လာပြီး နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

မည်သည့်လုပ်ငန်းနယ်ပယ်တွင်မဆို အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် ဤသုံးချက်သည် အရေးအကြီးဆုံးဖြစ်၍ အရင်းအနှီးနှင့်ဈေးကွက်ကို ဝိုင်းဝန်းကူညီပံ့ပိုးပေးပြီး နည်းပညာကို အဓိကစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများက ကျယ်ကျယ်ပြန့်ပြန့်လေ့လာ၍ လက်တွေ့ကျကျ စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ပါသည်။ နည်းပညာနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများက စဉ်ဆက်မပြတ်အသိပေးထုတ်ပြန်လျက်ရှိပြီး ဂလိုဘယ်လိုက်ဇေးရှင်းခေတ်ကာလတွင် နည်းပညာများကို လွှမ်းခြုံရယူနိုင်ပေသည်။

မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသောပမာဏသည် ကျေးလက်ဒေသများဖြစ်ပြီး ကျေးလက်ဒေသများအားလုံးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြီးမားကျယ်ပြန့်လှသော လယ်ယာကဏ္ဍကို လွှမ်းခြုံဖြည့်ဆည်းပေးနိုင်ခြင်းမရှိသော်လည်း ယနေ့ကာလတွင် နိုင်ငံတော်၏အကြီးအကဲကိုယ်တိုင် တောင်သူများနေထိုင်လုပ်ကိုင်ရာဒေသအရောက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ကွင်းဆင်းသွားရောက်ကာ လယ်ယာကဏ္ဍ၌ ဖြစ်ပေါ်နေသည့် အခြေအနေများနှင့် တောင်သူများ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်မှာ များစွာအကျိုးရှိထိရောက်သည်ဟု ရှုမြင်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေမည်ဖြစ်သလို တောင်သူလယ်သမားဦးကြီးများကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ မိမိတို့အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။ လယ်ယာကဏ္ဍနှင့် ဆက်နွယ်နေသည့် ပုဂ္ဂလိကများ၊ အဖွဲ့အစည်းများကလည်း မိမိတို့၏အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွားနှင့် တောင်သူလယ်သမားများ၏အကျိုးစီးပွားတို့ကို မျှမျှတတ ရှေးရှုကာ မြန်မာနိုင်ငံ၏လယ်ယာကဏ္ဍ တစ်ဆင့်ထက်တစ်ဆင့် မြင့်တက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ(၆)ရက် (စနေနေ့)

MOALI

6 July 2019 #coopsday International Day of Cooperatives

coop International Co-operative Alliance

" Coops 4 Decent Work "

"အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ဖို့ သမဝါယမအသင်းများဆောင်ရွက်စို့"

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် ဇူလိုင် ၁**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမ အထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ်၊ တရားမ အထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak အား ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ကိစ္စရပ်များဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ဘဏ်လုပ်ငန်းဆိုင်ရာကဏ္ဍများတွင် ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စ၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စ၊ ထားဝယ်အထူးစီးပွား



ရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိုင်းနိုင်ငံနယ်စပ် Kanchanaburi မှ ထားဝယ်အထူးစီးပွားရေးဇုန်သို့ နှစ်လမ်းသွား ကတ္တရာလမ်း ဖောက်လုပ်နိုင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇူလိုင် ၁**

ရန်ကုန်(ရွှေဈေး) ၁၀၉၈၅၀၀ - ၁၀၉၈၅၀၀ မန္တလေး(ရွှေဈေး) ၁၀၉၈၅၀၀ - ၁၀၉၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၈၅/၉၂၀ ကျပ် | ၉၃၀/၉၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၅၀/၈၉၅ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၇၀/၈၁၀ ကျပ် | ၈၄၀/၈၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၉၅/၉၃၀ ကျပ် | ၉၄၅/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၈၅/၈၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၇၀/၇၈၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၁၃.၄ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၄.၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၁.၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၄၆၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၆.၀၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၉၈.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၁၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၉.၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၇.၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

## အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးထား



**တိုင်းပြည်တစ်ပြည်ထူထောင်တာဟာ ဘယ်လောက်ခက်ခဲတယ်၊ အတက်အကျ လောကဓံအမျိုးမျိုးကို တွေ့ရတယ်ဆိုတာ ကမ္ဘာ့ရာဇဝင်သိတဲ့လူတိုင်းတော့ ဆင်ခြင်နိုင်ကြမှာပဲ။ ဒါကြောင့် အမြင်ကျယ်ကျယ်၊ အမြော်အမြင်ကြီးကြီးနဲ့ စိတ်မပျက် လက်မပျက်ဘဲ ရသမျှအခွင့်အရေးကိုရတုန်း မိမိရရ ယူကြရလိမ့်မယ်။ ဒါမှသာ ကျုပ်တို့မြန်မာပြည်ကြီး ကျုပ်တို့ ချစ်ရာရောက်မယ်။ ကျုပ်တို့ မြန်မာပြည် ထူထောင်နိုင်မယ်။**

(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၄ ခုနှစ် နိုဝင်ဘာလအတွင်း တိုင်းပြည်သို့ အသံလွှင့်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းရပ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေး တိုက်တွန်းချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တခဲ့ကြသည့် "ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်"အား တည်ဆောက်ရာတွင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူပုဂ္ဂိုလ်မဆို ၎င်းတို့၏လိုအင်ဆန္ဒများကို ဒီမိုကရေစီ နည်းလမ်းတကျသာ တောင်းဆိုရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းစဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လက်နက်စွဲကိုင်၍ တောင်းဆိုခြင်းများကြောင့် ဖြစ်ပေါ်လာသည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများအား ဖြေရှင်းနိုင်ရေးသည် တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်းဟု တပ်မတော်က ယုံကြည်ကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်နေသူများအားလုံး ယုံကြည်မှုမြင့်မားစွာဖြင့် ဆောင်ရွက်နိုင်ရေး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် သမိုင်းတွင် တစ်ခါမျှမရှိခဲ့ဖူးသော တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နှင့် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၃၀ ရက်တို့တွင် ထုတ်ပြန်ကြေညာ၍ ခြောက်လတာ အပစ်အခတ်ရပ်စဲပေးခဲ့ကြောင်း။

လိုအပ်ချက်များအရ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃၀ ရက်တွင်လည်း တတိယအကြိမ် ထုတ်ပြန်ကြေညာ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို နှစ်လတာ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးခဲ့ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် ခြောက်လတာကာလအတွင်း တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ ညှိနှိုင်းအဖြေရှာခြင်း အပါအဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်ခိုင်မာစေရေး ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးဆောင်ရွက်ရာတွင် ပြည်သူလူထုက မျှော်လင့်ထားသလောက် ခရီးမရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရာတွင် မှန်ကန်စွာ လျှောက်လှမ်းနိုင်ရေး ရည်ရွယ်၍ တပ်မတော်က ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်၍ လက်နက်ကိုင်လမ်းစဉ်အစား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) တွင် အမြန်ဆုံး ပါဝင်လက်မှတ်ရေးထိုးပြီး ဆွေးနွေးညှိနှိုင်းမှုများဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို ဆက်လက်လျှောက်လှမ်းကြရန် လိုအပ်မည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းစဉ်အား နည်းမှန်လမ်းမှန်ဖြင့် လျှောက်လှမ်းရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်က ထပ်မံခွင့်ပြုထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားသည့် နှစ်လတာကာလအား ယခင်ကထက် ထိထိရောက်ရောက် ပိုမိုအကျိုးရှိစွာ အသုံးပြုသွားနိုင်ပါရန် တိုက်တွန်းအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၃/၂၀၁၉**

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များတွင် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးဖွေအား | ချင်းပြည်နယ်အစိုးရအဖွဲ့ |
| (၂) | ဦးကျော်မင်း (ခ) ဦးဖိုးမင်း | တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ |

(ပုံ) ဝင်းမြင့်
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ဟင်္သာတမြို့မှ အသက် ၈၀ အဘွား ကျပ်သိန်းတစ်သောင်းခွဲ ဆွတ်ခူးရရှိ



**ဟင်္သာတ ဇူလိုင် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ အေးမြသာယာရပ်ကွက်မှ အသက် ၈၀ အဘွား ဒေါ်ခင်တင့်သည် ဇူလိုင် ၁ ရက် ထွက်ရှိသည့် (၅)ကြိမ်မြောက် ၁၀၀၀ တန် အောင်ဘာလေထီဖွင့်ပွဲတွင် (င- ၉၂၈၁၇၇) ဖြင့် သိန်းတစ်သောင်းခွဲဆုကြီးကို ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

"သားသမီးတွေ ပေးတာတွေနဲ့ လှူတာကတော့ ငါးရာ တစ်ထောင်လှူဖြစ်ပါတယ်။ နေမကောင်းလို့ ဆေးဖိုးတောင် မပေးနိုင်သေးဘူး။ ထီပေါက်ပါစေလို့လည်း ဆုတောင်းတယ်လေ။ အခုထီပေါက်တော့ လှူလို့လည်းရပြီ၊ ရွာပြန်လို့ရပြီ သားတွေကို လိုက်ပို့ခိုင်းမယ်"လို့ အဘွားက ပျော်ရွှင်စွာ ပြောသည်။

အဘွား ဒေါ်ခင်တင့်သည် ပခုက္ကူမြို့နယ် ပေါက်မြို့တွင် မွေးဖွားခဲ့ပြီး ခင်ပွန်းဖြစ်သူ ဟင်္သာတမြို့နယ်သားနှင့် အိမ်ထောင်ကျကာ ဟင်္သာတမြို့တွင် အခြေချနေထိုင်ခဲ့သည်။ သားသမီးငါးဦးထွန်းကား၍ ခင်ပွန်းနှင့် သားတစ်ယောက်မှာ ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် မိုင်းလားမြို့၌ ကျင်းပသည့် အထူးဒေသ-၄ နှစ်(၃၀)ပြည့် အထိမ်းအမှတ်ပွဲတော်သို့ အစိုးရကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် ဇူလိုင် ၁**

ရှမ်းပြည်နယ် မိုင်းလားမြို့ ငြိမ်းချမ်းရေးရင်ပြင်၌ အထူး ဒေသ-၄ နှစ်(၃၀) ပြည့် အထိမ်းအမှတ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အထိမ်းအမှတ်ပွဲတော်သို့ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော အစိုးရကိုယ်စားလှယ်အဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်အဖွဲ့များနှင့် တိုင်းရင်းသားပြည်သူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ဂုဏ်ပြုနှုတ်ဆက်**

ရှေးဦးစွာ အခမ်းအနားကျင်းပရာ ငြိမ်းချမ်းရေးရင်ပြင်သို့ ပရိသတ်များ နေရာယူကြပြီး နံနက် ၆ နာရီခွဲတွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ဒေသန္တရအဖွဲ့များ၊ အခြေခံပညာကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် အလုပ်ပြယာဉ်များ ချီတက်၍ ဧည့်သည်တော်များကို ဂုဏ်ပြုနှုတ်ဆက်သည်။

ဆက်လက်၍ အလံတင်အခမ်းအနား ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ၊ ရှမ်းပြည်နယ်အလံနှင့် အထူးဒေသ-၄ အလံတို့ကို အလံတင်အဖွဲ့က လွှင့်တင်၍ ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ပြီး တက်ရောက်လာကြသူများက အလေးပြုကြသည်။

ထို့နောက် အထူးဒေသ-၄ ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အစိုးရကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ထံမှ အထူးဒေသ-၄ မိုင်းလားတွင် ကျင်းပသော အထိမ်းအမှတ်ပွဲတော်သို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်၍ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းတို့က ပေးပို့သောသဝဏ်လွှာများကို ဖတ်ကြားမှတ်တမ်းတင်သည်။

**ကျေးဇူးတင်ဂါရဝပြု**

ယင်းနောက် တက်ရောက်လာသည့် ဧည့်သည်တော်များက ငြိမ်းချမ်းရေးအထိမ်းအမှတ်ချိုင့်ကပ်များ လွှတ်ပေးကြပြီး အထူးဒေသ-၄ ငြိမ်းချမ်းရေးနှင့် စည်းလုံးရေး ကော်မတီဝင်များက ဧည့်သည်တော်များနှင့် ပရိသတ်များကို ကျေးဇူးတင်ဂါရဝပြုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အထိမ်းအမှတ်ပွဲတော် ညပိုင်းတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကပဒေသာများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ထိုင်းသံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mrs. Suphatra Srimaitreephithak နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ (၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံအကြား ကာလရှည်ကြာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုရှင်သန်ခိုင်မာစေရေးအတွက် အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ စီးပွားရေးလုပ်ငန်းများအချင်းချင်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဒေသတွင်းနိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ကမ္ဘာ့ဈေးကွက်၌ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားစွာပေါင်းစည်းပါဝင်နိုင်ရေးတို့အပါအဝင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်မည့် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတင်းအချက်အလက်များရယူနိုင်မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ သတင်းအချက်အလက်များ ရယူနိုင်မှုနှင့်စပ်လျဉ်း၍ သတင်းမီဒီယာများနှင့် တွေ့ဆုံမှုအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၄)၌ ပြုလုပ်သည်။

ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် သတင်းအချက်အလက်ဖြန့်ဝေခြင်းတွင် အချက်နှစ်ချက်ရှိကြောင်း၊ ကော်မတီအနေဖြင့် သိစေချင်သည့်သတင်းအချက်အလက်ရှိသကဲ့သို့ မီဒီယာများအနေဖြင့် သိလိုသည့် အချက်များရှိကြောင်း၊ ထို့အတွက် လတစ်လ၏ ပထမ တနင်္လာနေ့နှင့် တတိယ တနင်္လာနေ့တိုင်းတွင် မီဒီယာနှင့်တွေ့ဆုံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ သတင်းစီးဆင်းမှုသည် မှန်ကန်လာမည်ဖြစ်ကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်လျက်ရှိ**

၂၀၁၈ ခုနှစ် စည်ပင်သာယာရေးဥပဒေအရ ယခင်က မြို့နယ်နှင့် ခရိုင်ကော်မတီဟူ၍ရှိကြောင်း၊ ယခုအခါ ခရိုင်အဆင့်ကိုဖြုတ်ပြီး စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် မြို့နယ်အလိုက် စည်ပင်သာယာရေးကော်မတီဟူ၍ ဖွဲ့စည်းထားရှိကြောင်း၊ မြို့နယ်တိုင်းတွင် စည်ပင်သာယာ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁)နှင့် (၂)၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးတို့ဖြင့် ဖွဲ့စည်းထားရှိကြောင်း။

ဖွံ့ဖြိုးမှုစီမံချက်တွင် လိုအပ်ချက်များရှိသည့်အတွက် YCDC ၏ လုပ်ငန်းဖွဲ့စည်းပုံကို ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းတာဝန်ခံအဖွဲ့ ခုနစ်ဖွဲ့တွင် မြေယာ၊ ဆောက်လုပ်ရေး၊ ရေစီးရေလာ၊ လမ်းတံတား၊ ရေဆိုး၊ ကျန်းမာရေးနှင့် ဈေးများဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးတို့ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းကဏ္ဍ ခုနစ်ခုသည် မြို့နယ်များတွင် လိုအပ်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ဝင်ရောက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ မြို့နယ်များ၏ လိုအပ်ချက်များကို YCDC မှ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိကြောင်း။



ယခင်က မြို့နယ်များတွင် ချိတ်ဆက်မှုအားနည်းခဲ့ပြီး ယခုအခါ ချိတ်ဆက်မှုအားကောင်းလာသည်ကို တွေ့ရှိရကြောင်း၊ မြို့နယ်၏ ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ကဏ္ဍကြီး ခုနစ်ခုက မည်သို့ဖြည့်ဆည်းပေးရမည်ဟု ပါရှိလာကြောင်း၊ မြို့နယ်များ၏ လိုအပ်ချက်များကို YCDC က ဖြည့်ဆည်းပေးရသည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ၃၃ မြို့နယ်အနေဖြင့် မြို့နယ်အချင်းချင်း ချိတ်ဆက်မှုအားကိုယူပြီး မြို့နယ်များနှင့် YCDC တို့၏ ချိတ်ဆက်မှုအားကိုလည်း ယူ၍ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့နယ်ဥက္ကဋ္ဌများနှင့် YCDC မှ ကော်မတီဝင်များတွေ့ဆုံပြီး အပြန်အလှန်ချိတ်ဆက်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ကိစ္စရပ်များကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းမီဒီယာသမားများ၏ မေးမြန်းမှုအပေါ် သက်ဆိုင်ရာကော်မတီဝင်များနှင့် ဌာနမှူးများက ပြန်လည်ဖြေကြားရာတွင် ရေစီးရေလာကိစ္စနှင့်စပ်လျဉ်း၍ မိုးမကျမီကာလကပင် ၃၃ မြို့နယ်အတွင်း၌ အဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်မှုများကြောင့် ယခင်နှစ်များထက် ၇၅ ရာခိုင်နှုန်း ရေကြီးရေလျှံမှု သက်သာသွားပြီဖြစ်၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ခွေးလေခွေးလွင့်များနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများ၏ ဆန္ဒအပေါ်မူတည်၍ ဆောင်ရွက်ပေးနေကြောင်း၊ YCDC က ပြုလုပ်ထားသော Yangon City Myanmar.com တွင် အိမ်မွေးတိရစ္ဆာန်မွေးမြူရေး လျှောက်လွှာကို ရယူနိုင်ကြောင်း၊ ခရိုင်လေးခရိုင်၌ ခွေးများကို မှတ်ပုံတင်နိုင်ရန် ဖွင့်လှစ်ပေးထားကြောင်း၊ ထို့အပြင် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌများအနေဖြင့် မိမိတို့၏ မြို့နယ်အတွင်း ခွေးအကောင်ရေ ၂၀ နှင့်အထက် မှတ်ပုံတင်ရန်တင်ပြလာပါက တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဌာနအနေဖြင့် ရပ်ကွက်များအတွင်း လာရောက်၍ မှတ်ပုံတင်များ ပြုလုပ်ပေးနေကြောင်း၊ ခွေးလေခွေးလွင့်ဖမ်းဆီးမှုများကိုလည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဖမ်းဆီးသည့် မြို့နယ်များတွင်လည်း အိမ်မွေးတိရစ္ဆာန်ဖြစ်သည့် ခွေးနှင့်ကြောင် မှတ်ပုံတင်များကို တစ်ပါတည်း အိမ်တိုင်ရာရောက် ပြုလုပ်ပေးနေကြောင်း၊ ခွေးလေခွေးလွင့်များကို ရှင်းလင်းရာတွင်လည်း နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ နည်းလမ်း(၆)သွယ်ဖြင့် ဆောင်ရွက်နေကြောင်း။

**ရှင်းလင်းဖြေကြား**

ထိုသို့ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထု၏ တောင်းဆိုချက်များအတိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ YCDC နယ်နိမိတ်အတွင်း လေထုအရည်အသွေး စောင့်ကြည့်လေ့လာမှုကိုလည်း ၂၀၁၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အချို့နေရာများတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများထက် မြင့်မားနေသည်ကိုလည်း တွေ့ရှိရကြောင်း၊ စက်မှုဇုန်များတွင်လည်း လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်များသော လောင်စာများကို လျှော့ချရန် အကြံဉာဏ်ပေးခြင်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်လျက်ရှိကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ထွက်ရှိသည့် အမှုန်အမွှားများကိုလည်း နည်းနိုင်သမျှနည်းအောင် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိကြောင်း စသည်ဖြင့် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သတင်းမီဒီယာများ တွေ့ဆုံသည့် ယနေ့အခမ်းအနားသည် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး အခမ်းအနားသို့ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်နှင့် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ၊ သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# ကျောင်းပြင်ပ မူလတန်းပညာရေးဇုန်နယ်အဆင့် နည်းပြသင်တန်းဆင်းပွဲနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ ဆုချီးမြှင့်

**ရန်ကုန် ဇူလိုင် ၁**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန အစီအစဉ်ဖြင့် ဖွင့်လှစ်သည့် "ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်" အတွက် ကျောင်းပြင်ပ မူလတန်းပညာရေးရန်ကုန်ဇုန်အဆင့် နည်းပြသင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက ကမာရွတ်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**စွမ်းဆောင်ရည်ဆုများချီးမြှင့်**

သင်တန်းဆင်းပွဲတွင် သင်တန်းတာဝန်ခံ ဦးအောင်စိုးက သင်တန်းသုံးသပ်ချက်ကို တင်ပြပြီး ဇုဟိုအဆင့်သင်တန်းတာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများက သင်တန်းကာလအတွင်း စွမ်းဆောင်ရည်ဆုများကို ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာနက ချီးမြှင့်သည့် ကျောင်းပြင်ပမူလတန်းပညာရေးအောင်မြင်ခဲ့ပြီး အခြေခံပညာကျောင်းများတွင် တက်ရောက်၍ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများအတွက် ဆုချီးမြှင့်ငွေများကို ဥက္ကဋ္ဌ ဆရာကြီး ဒေါက်တာသန်းဦးက မင်္ဂလာဒုံမြို့နယ်မှ မသက်ငုံဖူးအား ချီးမြှင့်ပြီး **(ယာပုံ)** ကျန်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၀ ဦးအတွက် ချီးမြှင့်ငွေများကို တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ဦးစိုးမြင့်ထံ လွှဲအပ်သည်။

**ဂုဏ်ပြုစကားပြောကြား**

ထို့နောက် သင်တန်းသားများကိုယ်စား ပြည်မြို့နယ်မှ ဒေါ်သီတာစန်းက သင်တန်းအတွေ့အကြုံနှင့် ကျေးဇူးတင်စကားပြောကြားပြီး မြန်မာနိုင်ငံ စာတတ်မြောက်ရေးအထောက်အကူပြု ပင်မဌာန ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုက ဂုဏ်ပြုစကားပြောကြားပြီး သင်တန်းဆင်းပွဲကို သင်တန်းသား သင်တန်းသူများက "ကလေးများအတွက် ဒီနေ့" သီချင်းဖြင့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ဇုန်နယ်သင်တန်းဆင်းပွဲများကို ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့နှင့် မော်လမြိုင်မြို့များတွင် ကျင်းပခဲ့ပြီး ဇုန်နယ်သင်တန်းများသို့ သင်တန်းသားသင်တန်းသူ ၂၄၉ ဦး တက်ရောက်ကာ ကျောင်းပြင်ပ မူလတန်းပညာရေး အောင်မြင်ခဲ့ပြီးနောက် တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# နေပြည်တော်ကောင်စီအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံများနှင့် တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီအတွင်း သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံများနှင့်တွေ့ဆုံ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



**အကျိုးအမြတ်သေချာမည့် ရင်းနှီးမြှုပ်နှံမှုဖြစ်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်နှင့် ဘေးဖြစ်ပွားပါက အလျင်အမြန်တုံ့ပြန်နိုင်ရေး၊ အမြန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုနှင့်အတူ ပြည်သူများ ကိုယ်တိုင်သိရှိနားလည်ပြီး ကြိုတင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သည့်အတွက် အရပ်ဘက်အဖွဲ့အစည်းများ၊ သဘာဝဘေးကူညီကယ်ဆယ်ရေး ပရဟိတအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ထိရောက်သောချိတ်ဆက်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပံ့ပိုးထောက်ပံ့မှုများဆောင်ရွက်ပါကြောင်း၊ သဘာဝဘေးကြိုတင်ပြင်ဆင်မှုအပိုင်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပြည်သူ့အတွက် အကျိုးအမြတ်သေချာမည့် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါကြောင်း၊ သဘာဝဘေးနှင့်ပတ်သက်၍ သတင်းပေးသတင်းယူဆောင်ရွက်ရာတွင် ပိုမိုပီပြင်ပြင်ဆောင်ရွက်နိုင်ရန် Disaster Alert Notification (DAN) Mobile Application ကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အသုံးပြုဆောင်ရွက်ကြပါရန်တိုက်တွန်းပြောကြားသည်။

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက နေပြည်တော်ကောင်စီနယ်မြေတွင် လေဘေးနှင့် မီးဘေးတို့ကို အထူးအလေးထားရပါကြောင်း၊ ရေဘေးကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ပေါင်းလောင်းချောင်း၊ ဆင်သေချောင်း၊ ငလိုက်ချောင်းတို့ ရေစီးရေလာကောင်းမွန်ရန်နှင့် ကမ်းပါးပြိုကာကွယ်ရေးအတွက် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားပါကြောင်း၊ သဘာဝဘေးလျော့ပါးရေးအတွက် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ထားရှိပါကြောင်း၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ကြိုတင်ကာကွယ်မှုအပိုင်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် စီမံကိန်းရေးဆွဲဆောင်ရွက်ပါကြောင်း၊ သောက်သုံးရေရှားပါးမှုများအတွက် သောက်သုံးရေလှူဒါန်းခြင်းများ ဆောင်ရွက်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နေပြည်တော်ကောင်စီ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံးမှ ဦးစီးမှူးက DAN Mobile Application အသေးစိတ် အသုံးပြုမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး DAN Mobile Application မိတ်ဆက်ဗီဒီယိုဖိုင်အား ပြသသည်။

ဆက်လက်ပြီး ဆွေးနွေးပွဲတက်ရောက်လာကြသူများက ရေရှည်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် လူတစ်ဦး သစ်တစ်ပင်နှုန်း စိုက်ပျိုးရေးနှင့် ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့စွန့်ပစ်မှုကြောင့် မြေဆီလွှာပျက်စီးသည့်အတွက် စနစ်တကျစည်းကမ်းထိန်းသိမ်းပေးစေလိုကြောင်း အကြံပြုတင်ပြခြင်း၊ ဝန်ကြီးဌာနအနေဖြင့် မြို့နယ်အလိုက် ပရဟိတကွန်ရက်များအား ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ရက်တိုသင်တန်းများ ပို့ချပေးရေးနှင့် တွေ့ဆုံပွဲများ မကြာခဏ ပြုလုပ်ပေးနိုင်ရေးကို မေးမြန်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသူ မြန်မာနိုင်ငံသား ၁၅၇ ဦးအား ကြိုဆို

**ရန်ကုန် ဇူလိုင် ၁**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ နိုင်ငံသားစိစစ်ပြီးသူများကို သတ်မှတ်ထားရှိသည့် နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် စတုတ္ထအကြိမ် ပြန်လည်စိစစ်လက်ခံရေး အစီအစဉ်အား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေး**

မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ဇူလိုင် ၁ ရက်တွင် နို့ပိုးဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသား ၁၅၁ ဦး၊ မယ်လဒုက္ခသည်စခန်းမှ ငါးဦး၊ အုန်းပြန်ဒုက္ခသည်စခန်းမှတစ်ဦး စုစုပေါင်း ၁၅၇ ဦးအား မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၁)မှတစ်ဆင့် ခေါ်ဆောင်လာခဲ့ပြီး မြန်မာဘက်မှတာဝန်ရှိသူများက မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းတွင် နွေးထွေးစွာဖြင့် ကြိုဆိုလက်ခံကြောင်း၊ အဆိုပါပြန်လည် လက်ခံရေးအစီအစဉ်သို့ ဗန်ကောက်မြို့မှ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် မြန်မာသံရုံးအဖွဲ့ဝင်များ၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ပြည်နယ်ဝန်ကြီးနှင့်အတူ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လက်ခံရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ပြီး လိုအပ်သည့် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးမည်**

အဆိုပါ နေရပ်ပြန်မြန်မာနိုင်ငံသားများအား မြန်မာဘက်မှတာဝန်ရှိသူများက လွှဲပြောင်းလက်ခံမှုအပြီး သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ခံရေးကော်မတီဝင်များက နေရပ်ပြန်များ အခြေချနေထိုင်မည့် မူလဇာတိဒေသများအရောက် ပို့ဆောင်ခြင်း၊ အိမ်ထောင်စုသုံး လတ်တလောထောက်ပံ့ပစ္စည်းနှင့် ငွေကြေးများ ပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့သည့်အပြင် မြန်မာနိုင်ငံသားဆိုင်ရာ အိမ်ထောင်စုဇယား ပုံစံ-၁၀နှင့် နိုင်ငံသားခိုင်မာမှုအဆင့်အလိုက် နိုင်ငံသားစိစစ်ရေးကတ်များကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ထို့အပြင် နေရပ်ပြန် မိသားစုဝင်များအတွက် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကူညီပံ့ပိုးပေးခြင်းတို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက အခန်းကဏ္ဍအလိုက် ဆက်လက်ကူညီဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

**ဆက်လက်လက်ခံ ကြိုဆိုသွားရန်ရှိ**

ထို့ပြင် ဒုတိယနေ့ပြန်လည်လက်ခံရေး အစီအစဉ်ကို ဇူလိုင် ၂ ရက်တွင် ဘန်မန္ဒိုင်ဆွိုင်းဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မယ်စဲ့ဂိတ်မှလည်းကောင်း၊ ထမ်ဟင်ဒုက္ခသည်စခန်းမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား ထီးခီးဂိတ်မှလည်းကောင်း ပြန်လည်လက်ခံသွားမည်ဖြစ်ပြီး တတိယနေ့ပြန်လည်လက်ခံရေးအစီအစဉ်ကို ဇူလိုင် ၃ ရက်တွင် မယ်လ၊ အုန်းပြန်နှင့် မယ်လအုန်းဒုက္ခသည်စခန်းများမှ နေရပ်ပြန်လိုသူ မြန်မာနိုင်ငံသားများအား မြဝတီမြို့ရှိ ကျောက်လုံးကြီးစခန်းတွင် မြန်မာသံရုံး မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ လိုက်ပါပို့ဆောင်၍ မြန်မာဘက်တာဝန်ရှိသူများက ဆက်လက် လက်ခံကြိုဆိုသွားရန်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းတုံမြို့နယ်အတွင်း ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်း တည်ဆောက်ပြီးစီး

**မိုင်းတုံ ဇူလိုင် ၁**

ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတက်စေရန်အတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်သော ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းကို ဇွန်လ နောက်ဆုံးပတ်က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ရှမ်းပြည်နယ်(အရှေ့) ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးသန်းလင်းထွန်းသည် မိုင်းဆတ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးခင်မောင်တိုးနှင့်အတူ တင်ဒါအောင်မြင်သော Treasure Mong Tong ကုမ္ပဏီက ခွင့်ပြုရန်ပုံငွေကျပ် ၆၁ ဒသမ ၀၅၄ သန်းဖြင့် ဆောင်ရွက်လျက်ရှိသော လမ်းအရှည်သုံးမိုင်ရှိ ကုန်ထုတ်လမ်းနှင့် တံတားသုံးစင်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါကုန်ထုတ်လမ်းနှင့် တံတားသုံးစင်း ပြီးစီးသွားပြီဖြစ်သဖြင့် လယ်မြေဧက ၈၀ နှင့် ကျေးရွာအုပ်စု နှစ်အုပ်စု၊ ကျေးရွာသုံးရွာရှိ အိမ်ခြေ ၂၅၃ အိမ်၊ လူဦးရေ ၁၀၂၄ ဦးတို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ပြီး ဒေသဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ်ကြောင်း သိရသည်။

**နေလင်း**

# အာဇာနည်စိတ်ဓာတ်များ အစဉ်ထာဝရကိန်းအောင်းမှသာ

မောင်ငြိမ်းအေး

ဇူလိုင်လသို့ရောက်သည်နှင့် မြန်မာတစ်မျိုးသားလုံး၏ စိတ်အစဉ်တွင် စွဲထင်ကျန်ရစ်နေသည့် အကြောင်းကိစ္စတစ်ခုမှာ မြန်မာအမျိုးသားခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အာဇာနည်နေ့ဖြစ်ပါသည်။ မြန်မာတစ်မျိုးသားလုံးအနေဖြင့် ဇန်နဝါရီလသို့ ရောက်လျှင် လွတ်လပ်ရေးနေ့၊ ဖေဖော်ဝါရီလသို့ရောက်လျှင် ပြည်ထောင်စုနေ့၊ မတ်လရောက်လျှင် တပ်မတော်နေ့ဟူ၍ နိုင်ငံတော်၏ အထွတ်အမြတ် နေ့ထူးနေ့ရက်တို့ကို သိရှိနားလည်ထားကြပြီးနောက် မိုးလေးတဖွဲဖွဲကျသည့် ဇူလိုင်လသို့ရောက်သည်နှင့် လွမ်းမောကြေကွဲဖွယ်ရာ အာဇာနည်နေ့ကို သတိရလေ့ရှိကြပါသည်။

**သမိုင်းတင်ကျန်ရစ်**

အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့် အချိန်ကာလတွင် ကျွန်တော်တို့ မွေးဖွားကြီးပြင်းခဲ့ကြသူများ မဟုတ်သော်လည်း အာဇာနည်ခေါင်းဆောင်ကြီးများကို ကျွန်တော်တို့ ယနေ့ထက်တိုင် သတိရနေကြပါသည်။ နိုင်ငံ့အတွက် သူမတူအောင် စွမ်းဆောင်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဝမ်းနည်းကြေကွဲဖွယ်ရာအဖြစ်ဆိုးကြီးကို ကျွန်တော်တို့သာမက နောင်အဆက်ဆက် မြန်မာမျိုးဆက်အဆက်ဆက်တို့ မေ့နိုင်ကြမည်မဟုတ်ပါ။ အာဇာနည်နေ့သည် ကမ္ဘာတည်သရွေ့ မေ့ပျောက်သွားမည့် အကြောင်းကိစ္စမဟုတ်၍ သမိုင်းတင်ကျန်ရစ်နေမည်သာဖြစ်သည်။

အမှန်တကယ်တွင် တိုင်းသူပြည်သားအပေါင်းတို့ ချစ်ခင်လေးစားသော၊ တန်ဖိုးထားသော အမျိုးသားခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခံရခြင်းကဲ့သို့ ကမ္ဘာ့သမိုင်းရာဇဝင်တွင်လည်း နိုင်ငံအသီးသီး၌ လုပ်ကြံခံရသော အာဇာနည်ခေါင်းဆောင်များ ရှိပါသည်။ နိုင်ငံ့သမိုင်းတွင် ထိုသမိုင်းဖြစ်ရပ်ကို ခေတ်အဆက်ဆက်ပြည်သူများ ထဲထဲဝင်ဝင်သိရှိနားလည်ပြီး စွဲစွဲနစ်နစ် သတိတရရှိကြခြင်းဖြင့် အမျိုးသားရေးစိတ်ဓာတ်များ ထက်သန်နိုးကြားအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

**ရှင်သန်ထက်မြက်**

အာဇာနည်နေ့ကို နှစ်စဉ်မပျက် ထိုနေ့ရောက်တိုင်း ကျင်းပခြင်းသည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့် ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်စွန့်စား အနစ်နာခံဆောင်ရွက်ခဲ့မှုများနှင့် ကျေးဇူးတရားများကို မမေ့မလျော့ရှိစေရန်အတွက် နှစ်စဉ် ကျင်းပခြင်းဖြစ်သည်။ လွတ်လပ်ရေးကို အသက်သွေးချွေး စတေးပြီးမှ ခက်ခက်ခဲခဲယူခဲ့ရသည်ကို နောင်လာနောက်သားများ သိရှိစေရန်နှင့် ငါတို့၏ အမျိုးသားခေါင်းဆောင်ကြီးများ၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော လွတ်လပ်ရေးကို ဤသို့ အသက်စွန့်ကြိုးပမ်းအားထုတ်ခဲ့ကြမှုများအား သိမြင်နားလည်ပြီး ပြည်သူလူထု၏နှလုံးသားတွင် ထိုကဲ့သို့ပင် နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ်စွန့်စားရဲသော မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန်အတွက် နှစ်စဉ်ကျင်းပနေခြင်းဖြစ်သည်။

**အမြဲထာဝရသတိရ**

ကျွန်တော်တို့အနေဖြင့် ယနေ့ အာဇာနည်နေ့အခမ်းအနား ကျင်းပနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်နေကြသည်ကို သတင်းစာမျက်နှာများပေါ်တွင် မြင်တွေ့နေရပါသည်။ ထိုကဲ့သို့ဆောင်ရွက်ပေးနေခြင်းအတွက် ကျေးဇူးများစွာတင်ရှိနေပါသည်။ ကျွန်တော်တို့၏ အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်နှင့် လူမျိုးအတွက် ဤသို့ အသက်ပေးဆောင်ရွက်ခဲ့ကြသည်ကို ယနေ့ပြည်သူများ အောက်မေ့သတိရ မြင်တွေ့ခံစားကြရမည်ဖြစ်သည်။ နှလုံးစိတ်ဝမ်းတွင် ဝမ်းနည်းပူဆွေးခံစားကြရမည်ဖြစ်သလို အချိန်မတိုင်မီ ကြွေလွင့်ခဲ့ကြရသဖြင့် နှမြောတသ ဖြစ်ကြမည်ဖြစ်သည်။ ကျွန်တော်တို့ ပြည်သူများအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများကို တန်ဖိုးထား လေးစားချစ်ခင်ရင်းစွဲရှိသည်အမှန်ဖြစ်၍ အမြဲထာဝရ သတိရနေချင်ပါသည်။ အမြဲထာဝရ ဦးညွှတ်အလေးပြု နေချင်ပါသည်။ ဤသည်မှာ ပြည်သူများအားလုံး၏ဆန္ဒဟု ဆိုချင်ပါသည်။

အာဇာနည်စိတ်ဓာတ်များ ယနေ့ပြည်သူများတွင် စွဲထင်ကျန်ရစ်ခဲ့ပါမှ နောင်လာမည့်မျိုးဆက်သစ် လူငယ်လူရွယ်များအကြား နိုင်ငံချစ်စိတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်များ မြင့်မားတိုးတက်လာမည်ဖြစ်ပြီး မိမိတို့ မျှော်မှန်းထားသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ အာဇာနည်စိတ်ဓာတ်များ ပါးလျားသွားပါက ကိုယ်ကျိုးစီးပွားရှေ့တန်းတင်သည့် စိတ်ဓာတ်များ၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးစတမ်း စိတ်ဓာတ်များ၊ အမှား အမှန်၊ အကောင်း အဆိုး မခွဲခြားဘဲ မှန်သည်ထင်ရာကို တဇောက်ကန်းလုပ်သည့် စိတ်ဓာတ်များ ထွန်းကားလာကာ နိုင်ငံပျက်စီး ခြင်းဆီသို့ ရောက်ရှိသွားနိုင်ပါသည်။




"အာဇာနည်စိတ်ဓာတ်များ ယနေ့ပြည်သူများတွင် စွဲထင်ကျန်ရစ်ခဲ့ပါမှ နောင်လာမည့်မျိုးဆက်သစ် လူငယ်လူရွယ်များအကြား နိုင်ငံချစ်စိတ်၊ ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်များ မြင့်မားတိုးတက်လာမည်ဖြစ်ပြီး မိမိတို့မျှော်မှန်းထားသော လူ့ဘောင်လောကသစ်ကို တည်ဆောက်နိုင်မည်ဖြစ်"

**သတိမူရမည်ဖြစ်သည်**

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ခြင်းသည် တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးမှုကို ဖြစ်ခဲ့ပါသည်။ အမျိုးသားခေါင်းဆောင်ကြီးများ ဆုံးရှုံးခဲ့ရခြင်းကို အောက်မေ့သတိရရုံသာမက အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စိတ်ဓာတ်များထားရှိနိုင်စေရန်အပြင် အမျိုးသားခေါင်းဆောင်ကြီးများအား လုပ်ကြံခဲ့သော လူမဆန်သည့်လုပ်ရပ်များနှင့် မိမိတို့အာဏာရရှိရေးအတွက် မိုက်ရူးရဲဆန်သည့် မမှန်ကန်သောလုပ်ရပ်များကို မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ထားရန် လိုအပ်ပါသည်။ အထူးသဖြင့် လက်နက်အားကိုးဖြင့် နိုင်ငံ့အကျိုးကို ဖျက်လိုဖျက်ဆီးလုပ်ရပ်များအား စက်ဆုပ်ရွံရှာတတ်ရန် လိုအပ်ပါသည်။ ယင်းလုပ်ရပ်များကို အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခြင်းကဲ့သို့သာမက မျက်မှောက်ကာလ တိုင်းပြည်ဖျက်ဆီးခြင်း အခြေအနေများက အလားတူသက်သေပြနေသည်ကို သတိမူရမည်ဖြစ်ပါသည်။

**တိုင်းပြည်ချစ်စိတ်နိုးကြား**

နှစ်စဉ် ဇူလိုင်လ ၁၉ ရက်နေ့ သတ်မှတ်အချိန်၊ သတ်မှတ်နေရာတွင် အာဇာနည်နေ့အခမ်းအနားများ ကျင်းပခြင်းသည် တစ်နှစ်တာ နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားအဖြစ် သတ်မှတ်ကျင်းပခြင်းဖြစ်ပါသည်။ အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုဦးညွှတ်ဂုဏ်ပြုခြင်းသည် လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြသည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့် ခေါင်းဆောင်ကြီးများ၏ စွန့်လွှတ်စွန့်စား အနစ်နာခံဆောင်ရွက်ခဲ့မှုများနှင့် ကျေးဇူးတရားများကို မမေ့မလျော့ရှိစေရန်အတွက် နှစ်စဉ် ကျင်းပခြင်းဖြစ်သည်။ လွတ်လပ်ရေးကို အသက်သွေးချွေး စတေးပြီးမှ ခက်ခက်ခဲခဲယူခဲ့ရသည်အား နောင်လာ နောက်သားများ သိရှိစေရပြီး တိုင်းပြည်ချစ်စိတ်များ နိုးကြားရှင်သန်လာစေရန်ဖြစ်သည်။

**အာဇာနည်စိတ် တိုးပွား**

ယနေ့ပြည်သူများ အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့သတိရ ဂါရဝတရားများ မပျောက်ပျက်သလို နောင်လာမည့် အနာဂတ်မျိုးဆက်သစ်များကိုလည်း လက်ဆင့်ကမ်းအမွေ ဆက်လက်ပေးဝေနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။ သို့မှသာ လူငယ်များဘဝကတည်းက နိုင်ငံအတွက် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ ကိုယ်ကျိုးစွန့် အနစ်နာခံလိုစိတ်များ သန္ဓေတည် ကိန်းအောင်းလာမည်ဖြစ်သည်။ တစ်နှစ်တစ်ခါ သတိရသည့် အာဇာနည်စိတ်မျိုး မဟုတ်ဘဲ အစဉ်အမြဲသတိရနေသည့်၊ တစ်နေ့မှ မမေ့နိုင်သည့် အာဇာနည်စိတ်ဓာတ်များ တိုးပွားရှင်သန်လာမည် ဖြစ်ပါသတည်း။ ။

## ပုလောမြို့နယ် ရှပ်ပုံ-ဖိုးရှမ်း ကမ်းခြေသွားလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် ထားဝယ်-မြိတ်-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ( ၄၂၄/၁ )မှ ရှပ်ပုံ-ဖိုးရှမ်းကျေးရွာကမ်းခြေသွား ကျေးလက်လမ်းခုနစ်မိုင်ကို ပုလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ရာသီမရွေးသွားလာနိုင်ရန် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါကျေးလက်လမ်းမှာ တိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲသော လမ်းဖြစ်ပြီး စုစုပေါင်း ဖိုးရှမ်းကမ်းခြေအထိ ခုနစ်မိုင်ရှိသည်။ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ကျေးလက်ပြည်သူများက ကိုယ့်အားကိုယ်ကိုးလမ်းအဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပုလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးရန်ပုံငွေဖြင့် အရှည်နှစ်မိုင်ကို ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် နယ်စပ်ရေးရာနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သုံးဖာလုံကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။ အဆိုပါကျေးလက်လမ်းသည် ပုလောမြို့နယ် ရှပ်ပုံ-ဖိုးရှမ်းကျေးရွာအပါအဝင် ကျေးရွာပေါင်းကိုးရွာမှ အိမ်ခြေ ၁၈၀၀ ရှိ ကျေးလက်ပြည်သူပေါင်း ၉၆၂၀ တို့အတွက် အကျိုးပြုမည့် ကျေးရွာချင်းဆက်လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်



# ရန်ပုံငွေများပံ့ပိုးပေးအပ်ခြင်းသဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၁**

ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေ (Access to Health Fund) အဖွဲ့က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံသို့ ရန်ပုံငွေများပံ့ပိုးပေးအပ်ခြင်း သဘောတူညီမှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Kempinski Hotel ၌ ကျင်းပသည်။




**ပိုမိုလက်လှမ်းမီရရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေအဖွဲ့မှ ၂၀၁၉-၂၀၂၃ ခုနှစ် ငါးနှစ်တာကာလအတွက် ပြည်နယ် ရှစ်ခုနှင့် တိုင်းဒေသကြီးများရှိမြို့နယ် ၁၄၄ မြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလက်လှမ်းမီရရှိရန် ဝန်ကြီးဌာနနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ အမေရိကန် ဒေါ်လာ ၂၁၅ သန်း ပံ့ပိုးပေးသွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံနေရာဒေသအသီးသီးတွင် နေထိုင်ကြသည့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လွန်စွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ အဆိုပါရန်ပုံငွေတွင် အများဆုံး ထည့်ဝင်လှူဒါန်းခဲ့ကြသည့် United Kingdom၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံများကို ကျေးဇူးတင်ရှိပါကြောင်း။

ယခုသဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးရာတွင် ဝန်ကြီးဌာနသို့ ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမီရရှိရေးရန်ပုံငွေအဖွဲ့က လာမည့် နှစ်နှစ်တာကာလအတွင်း အမျိုးသားကျန်းမာရေးစီမံကိန်း အကောင်အထည်ဖော်ခြင်း၊ တီဘီရောဂါကာကွယ်တိုက်ဖျက်ရေး၊ အာဟာရဖွံ့ဖြိုးရေး၊ ကလေးကျန်းမာဖွံ့ဖြိုးရေး၊ မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေး၊ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေး၊ မူးယစ်ဆေးစွဲကုသခြင်းနှင့် အသည်းရောင်အသားဝါရောဂါ ကာကွယ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေများပံ့ပိုးပေးအပ်သည့်အတွက် ဝန်ကြီးဌာန၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပံ့ပိုးပေးအပ်သည့် ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချ၍ အမျိုးသားအဆင့် ကျန်းမာရေးစီမံကိန်းများ၏ ရည်မှန်းချက်များ ပြည့်မီဆောင်ရွက်နိုင်ရန်အတွက် လက်တွေ့မြေပြင်အခြေအနေတွင် အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းစီမံချက်များ ချမှတ်ရေးဆွဲခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာငွေများ လွှဲပြောင်းပေးအပ်မှု၊ လက်ခံရယူမှုနှင့် အသုံးချဆောင်ရွက်မှုစသည့် ဘဏ္ဍာငွေစီးဆင်းမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့သည် အရေးကြီးပါကြောင်း။

လုပ်ငန်းများဆောင်ရွက်မှုများ ယခုထက်ပိုမိုထိရောက်အောင်မြင်စေရေးအတွက် လက်တွေ့အသုံးချလုပ်ငန်းသုတေသနများ တွဲဖက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလှူရှင်အဖွဲ့အစည်းများက ပံ့ပိုးသည့် ရန်ပုံငွေများကို အကျိုးရှိထိရောက်စွာ အသုံးချ၍ အရည်အသွေးပြည့်ဝသည့်၊ လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိသည့်၊ ပညာရပ်ပိုင်းဆိုင်ရာ ဆီလျော်မှုရှိသည့်လုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**စာချွန်လွှာ ခုနစ်ခုကို လက်မှတ်ရေးထိုး**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသာထွန်းကျော်နှင့် Access to Health Fund မှ Fund Director Mr. Oren Ginzburg တို့က ပြည်ထောင်စုဝန်ကြီး ရှေ့မှောက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံသို့ ရန်ပုံငွေများ ပံ့ပိုးပေးအပ်ခြင်းသဘောတူညီမှု စာချွန်လွှာ ခုနစ်ခုကို လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ အလှူရှင်အဖွဲ့အစည်းများ၏ ကိုယ်စား Department for International Development UK မှ Acting Head of Office, Ms. Rebecca Richards နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံရုံးမှ Deputy Head of Mission, Mr. GiacomoSolari တို့က အမှာစကားပြောကြားကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနထံသို့ ရန်ပုံငွေများ ပံ့ပိုးပေးအပ်ခြင်းသဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့် ဘဏ္ဍာငွေစီးဆင်းမှု လုပ်ထုံးလုပ်နည်းများဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်မှုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ❂ ကျောဖုံးမှ

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် ပထမအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရပြီး အိမ်ရှင် ဘီနင်ကစားသမား ကပ်ပိုချီချီကို ၂၁-၁ မှတ်၊ ၂၁-၄ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရကာ ဒုတိယအဆင့်တွင် ဘီနင်ကစားသမား ဗီတိုအူမှာ ယှဉ်ပြိုင်ခြင်းမရှိသောကြောင့် ကွာတားဖိုင်နယ်သို့ အလိုအလျောက် တက်ရောက်ခွင့်ရခဲ့သည်။ ကွာတားဖိုင်နယ်တွင် ယခုပြိုင်ပွဲ၏ ဆီဒင်(၂) ရ နိုင်ဂျီးရီးယားကစားသမား အဒီဆိုကန်ကို ၂၁-၄ မှတ်၊ ၂၁-၁၉ မှတ်ဖြင့် နှစ်ပွဲပြတ်၊ ဆီမီးဖိုင်နယ်တွင် ဆီဒင် (၄) ရ အီဂျစ်ကစားသမား ဟိုဆနီကို ၂၁-၈ မှတ်၊ ၂၁-၁၀ မှတ်ဖြင့် နှစ်ပွဲပြတ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။



ဗိုလ်လုပွဲတွင် ဆီဒင်(၃)ရ ပီရူးကစားသမား မာစီယာကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ သက်ထားသူဇာသည် ပထမပွဲငယ်တွင် ၁၇-၂၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ၂၁-၁၈ မှတ်၊ နောက်ဆုံးပွဲငယ်တွင် ၂၁-၁၄ မှတ်ဖြင့် ပွဲငယ်နှစ်ပွဲဆက်အနိုင်ရကာ ချန်ပီယံဆုရခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်နေခြင်းဖြစ်ပြီး မောရစ်သျှနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲပြီး ရက်ပိုင်းအကြာမှာပင် ယခုပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ချန်ပီယံဆုများကို ၂၀၁၈ ခုနှစ် အောက်တိုဘာတွင် အီဂျစ်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီတွင် ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ကင်ညာနိုင်ငံ၌ ကျင်းပသည့် Furture Series ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ဇွန်လတွင် မောရစ်သျှနိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ယခု ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတို့တွင် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ သက်ထားသူဇာသည် ဇူလိုင် ၄ ရက်မှ ၇ ရက်အထိ အိုင်ဗရီကို့စ်နိုင်ငံ၌ ကျင်းပမည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဘီနင်နိုင်ငံမှ အိုင်ဗရီကို့စ်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-သက်ထားသူဇာ Facebook**

---

## ❍ မန္တလေးမြို့မှ

ပထမထပ်ပေါက်ရင်တော့ ယူလိုက်ပြီး သုံးထပ်၊ လေးထပ်စတဲ့ အထပ်မြင့် ပေါက်သူတွေအနေနဲ့ အခန်းတွေပြန်အပ်ခဲ့သလို ဆက်သွယ်ခြင်းမရှိခဲ့တဲ့ တိုက်ခန်းပေါင်း ၈၆ ခန်းရှိခဲ့တဲ့အတွက် အမှန်တကယ် နေထိုင်လိုသူတွေအတွက်တော့ နစ်နာသွားတာပေါ့။ ဒါကြောင့် အခုတစ်ကြိမ် ရောင်းချတဲ့အချိန်မှာ ဒီလိုမျိုးတွေ ထပ်ပြီးမဖြစ်ပေါ်ဘဲ အမှန်တကယ် နေထိုင်လိုသူတွေအတွက်ပဲ မဲနှိုက်နေရာချထားနိုင်အောင် နည်းလမ်းကောင်းတစ်ခုနဲ့ ကြပ်မတ်စီစဉ်ပြီး ဆောင်ရွက်သွားဖို့ ရှိပါတယ်”ဟု ၎င်းက ပြောသည်။

အဆိုပါရောင်းချမည့် တိုက်ခန်းများအတွက် လျှောက်လွှာများကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ယခင်လျှောက်ထားပြီး မဲပေါက်ခြင်းမရှိသူများအနက် ပြန်လည်လျှောက်ထားရန် အဆိုပြုလွှာများကိုလည်း ဇူလိုင် ၁ ရက်မှ စတင်လက်ခံဆောင်ရွက်ပေးနေကြောင်း သိရသည်။

ယခုရောင်းချမည့် တန်ဖိုးမျှတ အိမ်ရာတိုက်ခန်းများမှာ တစ်ခန်းလျှင် ၆၆၁ စတုရန်းပေရှိ လေးခန်းတွဲခြောက်ထပ်ပါ အခန်း ၅၄၂ ခန်းဖြစ်ပြီး တစ်ခန်းလျှင် ကုန်သွယ်လုပ်ငန်းခွန် သုံးရာခိုင်နှုန်း အပါအဝင် မြေညီထပ် ကျပ် ၂၆၇ သိန်း ရှစ်သောင်း၊ ပထမထပ် ကျပ် ၂၄၇ သိန်း နှစ်သောင်း၊ ဒုတိယထပ် ကျပ် ၂၂၆ သိန်း ခြောက်သောင်း၊ တတိယထပ် ကျပ် ၂၁၆ သိန်း သုံးသောင်း၊ စတုတ္ထထပ် ကျပ် ၂၀၆ သိန်း၊ ပဉ္စမထပ် ကျပ် ၁၉၅ သိန်း ခုနစ်သောင်းနှုန်းဖြင့် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

---

## ❖ အာဆီယံ ယူ-၁၈ မှ

ဧပြီလတွင် ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ရာ ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် ချန်ပီယံဆု ရခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် လက်ရှိတွင် MFF Youth အသင်းအမည်ဖြင့် ၂၀၁၉ ရာသီ MNL, U-21 ပြိုင်ပွဲ ဒုတိယအကျော့တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသလို ဇူလိုင်တတိယပတ်တွင် ပြည်ပလေ့ကျင့်ရေးခရီးစဉ် သွားရောက်မည်ဖြစ်ကာ ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲကို ဩဂုတ် ၅ ရက်မှ ၁၈ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က) တွင် အင်ဒိုနီးရှား၊ လာအို၊ တီမော၊ ဖိလစ်ပိုင်၊ ဘရူနိုင်းတို့နှင့်ကျရောက်နေကာ အုပ်စု (ခ)တွင် လက်ရှိချန်ပီယံ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဩစတြေးလျအသင်းတို့ ပါဝင်နေသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

---

## ✻ ရွှေဖုံးမှ

ပူးပေါင်း၍ ခရီးသည် ၄၀၀ နှင့် ၈၀၀ ကြား၊ ကုန်ချိန်တန် ၁၂၀ တင်နိုင်သည့် ပြည်ကြီးတံခွန်(၄) သင်္ဘောဖြင့်လည်း မုံရွာ-ဟုမ္မလင်းခရီးစဉ်ကို အားဖြည့်ပြေးဆွဲ သွားမည်ဖြစ်ကြောင်း သိရသည်။

“ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမတွေ၊ စာပေးစာယူတက်တဲ့သူတွေ အန္တရာယ်ကင်းကင်းစီးနိုင်အောင်နဲ့ ကုန်စည်စီးဆင်းမှု များပြားမြန်ဆန်အောင် ရည်ရွယ်ပြီး ပြေးဆွဲတာကို စီစဉ်တာဖြစ်ပါတယ်။ ခရီးသွားတွေ ယုံကြည်မှုကိုတော့ အပြည့်ရပြီးသားပါ”ဟု ဦးလေးနိုင်က ရှင်းပြသည်။

**မျိုးဝင်းထွန်း**



# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၅ / ၂၀၁၉**
၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ယွန်းအိုးကျေးရွာနေ သန်းအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၇-၆-၂၀၁၉ ရက်နေ့တွင် ကောလင်းမြို့နယ်၊ ယွန်းအိုးကျေးရွာနေ သန်းအောင်(၆၇)နှစ်၊ (ဘ)ဦးဖိုးဆင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကောလင်း)မယ(ပ) ၃၇/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်နေ အီတိုး(ခ)ဇော်ဝင်းထွဋ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ရန်ကြီးအောင်ရပ်ကွက်နေ အီတိုး(ခ)ဇော်ဝင်းထွဋ်(၂၇)နှစ်၊ (ဘ)ဦးရဲဝင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကန့်ဘလူ) မယ(ပ)၆/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ဇီးကုန်းမြို့ အောင်သိဒ္ဓိရပ်ကွက်နေ ပြည့်ဖြိုးပိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ ရက်နေ့တွင် ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့ အောင်သိဒ္ဓိရပ်ကွက်နေ ပြည့်ဖြိုးပိုင်(ခ) ပြည့်ဖြိုးကျော်(ခ) ပြည့်ကြီး(၂၆)နှစ်၊ (ဘ)ဦးကျော်မျိုးလှိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း)မယ(ပ)၇/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ပင်လိုန်အရှေ့ရွာကြီးနေ မောင်ဌေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၉-၆-၂၀၁၉ ရက်နေ့တွင် ပြင်ဦးလွင်မြို့နယ်၊ ပင်လိုန်အရှေ့ရွာကြီးနေ မောင်ဌေး(ခ)ညိုဌေး(၅၂)နှစ်၊ (ဘ) ဦးအောင်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် သပြေရေကျေးရွာနေ ငြိမ်းချမ်းအောင်(၃၁)နှစ်၊ (ဘ)ဦးအောင်မြင့်စိန်တို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပိတ်ချင်းမြောင်) မယ(ပ) ၁၁/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ အမှတ်(၇၀) ရပ်ကွက်၊ မင်းခေါင်လမ်းနေ ညီညီအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၆-၂၀၁၉ ရက်နေ့တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၀)ရပ်ကွက်၊ မင်းခေါင်လမ်းနေ ညီညီအောင် (၄၁)နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒဂုံတောင်)မယ(ပ) ၅၅/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၉ (က)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၆ | ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ စိုက်ပျိုးရေး သိပ္ပံကျောင်းအနီး ပတ်ဝန်းကျင်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ အမှု(၄)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၅) ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၂၃-၆-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိအမှုမှ ကွင်းဆက်သတင်းအရ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ ဗမာသင်္ချိုင်းကုန်း(အဟောင်း)အတွင်း မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်စိစစ်ရှာဖွေရာ အမှတ်(၁) ရပ်ကွက်၊ ပြိန်းနင်းရပ်နေ စိုးမင်းထက်(ခ)သီဟ (၂၁)နှစ်၊ (ဘ)ဦးသိန်းစိုးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျောက်မဲ) မယ(ပ) ၃၈/ ၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် ၂၉-၆-၂၀၁၉ ရက်နေ့အထိ စုစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၆၆၉)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၈၁၂)ဦး၊ မ(၁၆၆)ဦး၊ ပေါင်း(၁၀၄၈)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၆၃၉၈.၆၉၈၄)ဂရမ်၊ ICE (၇၃.၇၂)ဂရမ်၊ ဘိန်း(၃၉၇၂၆.၇၄)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၃၂၉.၆)ဂရမ်၊ ဘိန်းစာမှုန့်(၁၉၃၉၉.၂၇)ဂရမ်၊ ဘိန်းစာရွက် (၇၈၃၃.၁၉)ဂရမ်၊ ဘိန်းစာရည်(၁.၅)လီတာ၊ စိတ်ကြွဆေးပြား(၃၀၃၁၈၉)ပြား၊ ဆေးခြောက် (၈၃၀၉.၂၂)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၅၁၃.၂၆)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့်(၂၈.၄၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၁၇)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သော သတင်းများကို စိစစ်ဖော်ထုတ်အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်း၊ အချို့ဒေသများတွင် စီမံချက်ဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေး ဆောင်ရွက်ခြင်းတို့ ပြုလုပ်ခဲ့ရာ ယခုသီတင်းပတ်အတွင်း နယ်စပ်ဒေသများ၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များအပါအဝင် ပြည်နယ်/တိုင်းဒေသကြီးအသီးသီး၌ ဖမ်းဆီးရမိမှုများမှာ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းဈေးအနီး၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၀.၀၀၂)ဂရမ်၊ ပျဉ်းမနားမြို့ ပန်းခင်း(၃)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀)ပြား၊ သရက်ကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၂၁)ပြား၊ ဆိုင်ကယ် (၁)စီး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ မော်ဟန်ကျေးရွာလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၇၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မံစီမြို့နယ်၊ သံတံတားကျေးရွာအထွက်ကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ လိုပူကျေးရွာအနီး ဒီးမော့ဆို-တောင်ငူသွားကားလမ်းပေါ်၌ သတင်းအရ Honda Fit ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ အမှတ်(၉)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး (၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၂၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ တောင်ကြားကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၂)ပြား၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၈၉)ပြား၊ မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကျောက်တစ်လုံးကျေးရွာ၌ တရားခံအမျိုးသား (၅)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၆)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၈၀)ပြား၊ ဘိန်းစာရွက်(၁၀၀၀)ဂရမ်၊ Air Wave ယာဉ်(၁)စီး၊ Grandis ယာဉ်(၁)စီး၊ မြို့မ(၄)ရပ်ကွက်ရှိ ရော်ဘာခြံအတွင်း၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၉၇)ပြား၊ ဆိုင်ကယ်(၁)စီး၊ ရေးမြို့နယ်၊ မွေးမြူရေးဇုန်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၆)ပြား၊ အာယုတောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၅)ပြား၊ ICE (၄၅)ဂရမ်၊ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဦးရှည်ကျချောင်းဝအနီး နှစ်နိုင်ငံနယ်စပ်နတ်မြစ်အတွင်း ရေယာဉ်လှည့်ကင်းဆောင်ရွက်စဉ် တစ်ဖက်နိုင်ငံဘက်သို့ လှော်ခတ်သွားနေသည့် လက်ခတ်လှေ(၁)စီးအား တွေ့ရှိသဖြင့် သတိပေးအချက်ပြခေါ်ယူသော်လည်း ဆက်လက်လှော်ခတ်ထွက်ပြေး၍ ဦးရှည်ကျချောင်းဝတောင်ဘက် မြန်မာဘက်ကမ်းသို့ ကပ်၍ လူ(၂)ဦး ခုန်ဆင်းထွက်ပြေးသွားပြီး ကျန်ရှိခဲ့သည့် လှေပေါ်မှ စိတ်ကြွဆေးပြား(၁၁၇၂၀၀)ပြား၊ လက်ခတ်လှေ(၁)စီး၊ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ လွယ်ဝိုးတုတ်ကျေးရွာအနီး လွိုင်လင်-တောင်ကြီးသွားကားလမ်း မိုင်တိုင်(၁၄၄/၃)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၈၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ လွိုင်လင်မြို့အထွက် လွိုင်လင်-တောင်ကြီးသွား ကားလမ်းမပေါ်၌ သတင်းအရ KIA Bongo-III ယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၅၀၀၀၀)ပြား၊ မော်တော်ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ နမ့်စန်မြို့နယ်၊ ပန်လင်းဆိုင်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးနှင့် Wish ယာဉ်(၁)စီး၊ ကွန်ဟိန်းမြို့ ကွန်ဟိန်းတံတားပေါ်၌ သတင်းအရဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၃)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဝမ်ပန်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၆၃၉)ပြား၊ ကာလိမြို့ အမှတ်(၃)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၆၀၆၇)ပြား၊ မိုင်းရှူးမြို့ လွိုင်ဆောင်ထောက်ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၄၆၁)ပြား၊ ဘိန်းဖြူ(၁၀၁)ဂရမ်၊ ကုန်းမြင့်သာရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၃၀)ပြား၊ ဘိန်းဖြူ(၂၀၅)ဂရမ်၊ လားရှိုးမြို့နယ်၊ နောင်မွန်ဂေါ်ရခါးကျေးရွာအနီး၌ ဆိုင်ကယ်(၁)စီးအား စိစစ်ရန်တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဆက်လက်မောင်းနှင်ထွက်ပြေးသွားပြီး ဆိုင်ကယ်ပေါ်မှပြုတ်ကျခဲ့သည့် ပလတ်စတစ်ဘူးအတွင်းမှ စိတ်ကြွဆေးပြား(၁၇၀၀)ပြား၊ သိန္နီမြို့နယ်၊ ပန်လော့ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၉၅၅)ပြား၊ Mark-II ယာဉ်(၁)စီး၊ မန်ချက်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၄၀)ပြား၊ ဘိန်းဖြူ(၁၄)ဂရမ်၊ ရေပူစစ်ဆေးရေးဂိတ်၌ သတင်းအရ Hino (၁၂)ဘီးယာဉ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးနှင့်အတူ Sulphuric Acid (၆၇၆၈)လီတာ၊ မော်တော်ယာဉ်(၁)စီး၊ တန့်ယန်းမြို့နယ်၊ တာကော်အက်တံတား စစ်ဆေးရေးဂိတ်၌ သတင်းအရ ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါခရီးသည် တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၁၄၅၀၀)ဂရမ်၊ မူဆယ်မြို့နယ်၊ ဝိန်နားကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၈၇၅)ပြား၊ နမ့်ခမ်းမြို့ မန့်နားကုန်း(၁၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၆၀) ပြား၊ ဘိန်းဖြူ(၁၄၅၂)ဂရမ်၊ နောင်ချိုမြို့နယ်၊ ဈေးကုန်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀)ပြား၊ ဟိုခိုကျေးရွာအနီး ဟိုခို-မိုးကုတ်သွားကားလမ်းမပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွ ဆေးပြား(၄၃၇၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ စိမ်းလဲ့ကန်သာစိုက်ခြံအနီးလမ်းပေါ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၀၀၀၀)ပြား၊ ဘိန်းဖြူ(၃၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မိုးမိတ်မြို့နယ်၊ မိုးမိတ်-မိုးကုတ်သွားကားလမ်း မိုင်တိုင် (၂၅/၃) ၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်း (၁၀၀၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ လောက်ကိုင်မြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသမီး(၂)ဦးထံမှ စိတ်ကြွဆေးပြား (၇၈၀)ပြား၊ ဘိန်းဖြူ(၁.၈)ဂရမ်၊ မိုင်းဆတ်မြို့နယ်၊ ဟွေမီးကျေးရွာအနီး ဝန်းကျင်နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် မြေကြီးအတွင်း ကျင်းတူး၍မြှုပ်ဝှက်ထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၂၀၀၀)ပြား၊ ကဖင်း (၂၀၀၀၀၀)ဂရမ်၊ EthylEther (၁၂၈)လီတာ၊ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့်ဆက်စပ်ပစ္စည်းများ၊ အားဆော်ပေါ်မိုးကျေးရွာအနီး ဝန်းကျင်နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် လျှိုအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား (၁၄၀၀၀၀)ပြား၊ ကဖင်း (၆၈၀၀၀၀)ဂရမ်၊ ပူနားကို-အားဆော်ပေါ်မိုးကျေးရွာသွားလမ်းဘေး တောင်စောင်းချုံပုတ်အတွင်း ဝှက်သိမ်းထားသည့် ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၂၇၁၄၀၀)ပြား၊ ကဖင်း (၆၆၅၀၀၀)ဂရမ်၊ ဘိုယားကျေးရွာ အနောက်ဘက် တောင်စောင်း၌ ဝှက်သိမ်းထားသည့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ၊ မိုင်းတုံမြို့နယ်၊ အောင်လောင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၇၇၅) ပြား၊ ဘိန်း(၃၀)ဂရမ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ ချောင်းစောက်ကျေးရွာ၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်း(၁၇၁)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၇.၅)ဂရမ်၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ရေရှင်ကျေးရွာ၌ တရားခံအမျိုးသား (၁)ဦး၊ ကသာမြို့နယ်၊ ပြည်သာယာကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၁၂၁၅)ပြား၊ အင်းတော်မြို့နယ်၊ ကွေ့ကြီးကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁၀၀)ပြား၊ ဘိန်းဖြူ(၃.၅)ဂရမ်၊ နန့်ခင့်ကျေးရွာ၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား (၇၆၀)ပြား၊ ဘိန်းဖြူ(၂၅.၅၁)ဂရမ်၊ နားမကျိုင်းကျေးရွာ၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း (၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀၀)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၄.၅)ဂရမ်၊ ခန္တီးမြို့နယ်၊ ချင်းတွင်းတံတားအနီး၌ သတင်းအရ တောင်ယာတဲအား ဝင်ရောက်စိစစ်ရာ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ ဘိန်းဖြူ(၁.၅)ဂရမ်၊ ဘိန်း(၄)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၃၅)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ မြစ်မရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၅၈)ပြား၊ ICE(၄)ဂရမ်၊ ကျွန်းစုမြို့နယ်၊ ရှော်တောမော်ကျေးရွာ၌

**စာမျက်နှာ ၉ သို့ »»**

# တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေးယန္တရားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နယူးဇီလန်နိုင်ငံသံရုံး၊ Ombudsman Office တို့ပူးပေါင်း၍ တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေးယန္တရားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Workshop on Complaint Handling Mechanisms) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ M Gallery Hotel ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ကော်မရှင်သို့ရောက်ရှိလာသော တိုင်ကြားစာများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲ၍ ကိုင်တွယ်ဆောင်ရွက်နေပုံ အဆင့်ဆင့်ကိုလည်းကောင်း၊ မိမိတို့၏ တိုင်ကြားမှု ကိုင်တွယ်ဖြေရှင်းရေး ယန္တရားကို ပိုမိုထိရောက်လျင်မြန်သွက်လက်စေရန်၊ တိုင်ကြားသူများအတွက်လည်း အဆင်ပြေချောမွေ့စေသည့်အပြင်




တုံ့ပြန်ဖြေကြားမှု ပိုမိုကောင်းမွန်စေရန် နည်းလမ်းရှာဖွေ ကြိုးပမ်းဆောင်ရွက်လျက်ရှိပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်း၊ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး Mr. Steve Marshall နှင့် Chief Ombudsman Mr. Peter Boshier တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

**တက်ရောက်**

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတို့မှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြပြီး တိုင်ကြားမှုကိုင်တွယ်ဖြေရှင်းရေးယန္တရားနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့် ညီညွတ်စေရန် ပြုပြင်ပြောင်းလဲရေးလိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

»»» စာမျက်နှာ ၈ မှ

တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့်(၂၉၀၀)ဂရမ်၊ ကံမော်ကျေးရွာအနီး ရေပြင်၌ သတင်းအရ စက်လှေ(၂)စင်းအား စိစစ်ရှာဖွေရာ တရားခံအမျိုးသား(၇)ဦးထံမှ ဘိန်းစာမှုန့်(၆၆၀)ဂရမ်၊ လှေ(၂)စင်း၊ တဲသုံးဆောင်ကျေးရွာ၌ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား (၈၂)ပြား၊ ICE(၈၂)ဂရမ်၊ ပုလောမြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၂)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၁၁၀) ပြား၊ ICE (၀.၀၀၀၅)ဂရမ်၊ ဘုတ်ပြင်းမြို့နယ်၊ အလယ်မန်ကျေးရွာ၌ တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းစာမှုန့် (၈၁၆၅)ဂရမ်၊ ယခင်သီတင်းပတ်၌ ထုတ်ပြန်ခဲ့သည့် စက်လှေနစ်မြုပ်၍ ပင်လယ်ပြင်နှင့် ပင်လယ်ကမ်းစပ် ကျေးရွာများသို့ မျောပါလာသည်ဟုယူဆရသည့် ပိုင်ရှင်မဲ့ ICE များ သိမ်းဆည်းရမိခဲ့သည့်ဖြစ်စဉ်နှင့်ဆက်စပ်၍ ယခုသီတင်းပတ်အတွင်း သရက်ချောင်းမြို့နယ်၊ သရက်တောင်ကြီးကျေးရွာ အနောက်ဘက်ပင်လယ်ကမ်းစပ်သို့ မျောပါလာသည့် ရေစိုပျက်စီးမှုမရှိသည့် ပလတ်စတစ်အထုပ် (၁၇)ထုပ်အတွင်းမှ ICE(၁၀၆၀၀)ဂရမ်၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၉၁/၂)၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ စမ်းချောင်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၃)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၀)ပြား၊ ဆေးခြောက် (၁၁.၂၂)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်(မြောက်)ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၃)ပြား၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၁၀၀)ဂရမ်၊ Grandis ယာဉ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ စစ်ကိုင်းမြို့ ပါရမီရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦး၊ ပုသိမ်ကြီးမြို့နယ်၊ (၁၆)မိုင်စစ်ဆေးရေးဂိတ်၌ မူဆယ်မှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အား ရပ်တန့်စိစစ်ရာ ယာဉ်ပေါ်ပါ ခရီးသည် တရားခံအမျိုးသမီး (၁)ဦးထံမှ စိတ်ကြွဆေးပြား(၅၈၅၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ မိုးကုတ်မြို့ ပန်းမရဲကင်းရှေ့၌ စိစစ်နေစဉ် ဆိုင်ကယ်(၁)စီးသည် စိစစ်ရေးအဖွဲ့အနီးမရောက်မီ နောက်ပြန်လှည့်မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ကင်းချောင်းရေတံခွန်အနီး၌ လူတိမ်းရှောင်သွားပြီး ဆိုင်ကယ်ခွကြားရှိ ကျောပိုးအိတ်အတွင်းမှ စိတ်ကြွဆေးပြား(၆၀၀၀၀)ပြား၊ ဆိုင်ကယ်(၁)စီး၊ သပိတ်ကျင်းမြို့နယ်၊ တောင်လယ်ကျေးရွာ၊ သစ်ခွဲပင်သစ်ဆိပ်အနီး၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၉၉၅)ပြား၊ ဆိုင်ကယ်(၁)စီး၊ ကျောက်ဆည်မြို့ မင်းရပ်ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၌ သတင်းအရ ဆိုင်ကယ်အားရပ်တန့်စိစစ်ရာ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်း(၈၁၅၀)ဂရမ်၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၀)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၃၇၀)ပြား၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ (၁၀/၃၃)ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား (၈၀)ပြား၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၄၀၈)ပြား၊ ဘိန်းဖြူ(၀.၂)ဂရမ်၊ ဆေးခြောက်(၀.၁)ဂရမ်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ) ရပ်ကွက်၌ တရားခံအမျိုးသား (၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၇)ပြား၊ ဆေးခြောက်(၅၇)ဂရမ်၊ တာမွေမြို့နယ်၊ တာမွေကြီးရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂၃၀)ပြား၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၆၀၀)ပြား၊ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ ပုသိမ်-ရန်ကုန်သွားကားလမ်းမိုင်တိုင်(၇၂/၃-၄)ကြား၌ တရားခံအမျိုးသား(၃)ဦးထံမှ စိတ်ကြွဆေးပြား(၆၀)ပြား၊ မြောင်းမြမြို့ အမှတ်(၂)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၁)ပြား၊ စိတ်ကြွဆေးပြားအကြေမှုန့်(၀.၂၅၅)ဂရမ်၊ မြောင်းမြအကျဉ်းထောင်သို့ ထောင်ဝင်စာလာရောက်တွေ့သူ တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၃၅၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃၅)ဂရမ်၊ ICE (၆)ဂရမ်၊ လပွတ္တာမြို့ အမှတ်(၉) ရပ်ကွက်အနီး၌ သတင်းအရ စက်ဘီးစီးလာသူအား ရပ်တန့်စိစစ်ရာ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၂၀)ပြား၊ စက်ဘီး(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ အမှတ်(၄)ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၀၇)ပြားအားလည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်ပတ်သက်သော ဖမ်းဆီးရမိမှုဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်၌ တရားမဝင်ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသားတရားခံအမျိုးသား (၃)ဦးထံမှ စိတ်ကြွဆေးပြား(၃၈)ပြား၊ Civic ယာဉ်(၁)စီး၊ Swift ယာဉ်(၁)စီး၊ ဆိုင်ကယ်(၁)စီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဟောင်ကောင်သို့ထွက်ခွာမည့် ခရီးစဉ်နှင့်လိုက်ပါမည့် ခရီးသည် တရားခံအမျိုးသား(၁)ဦးထံမှ ဘိန်းဖြူ(၂၀၀၀)ဂရမ်၊ ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဇေကမ္ဘာအိမ်ရာဝန်း၌ တရားခံအမျိုးသား(၁)ဦးထံမှ ICE (၁၈၀၀)ဂရမ်၊ Sunny ယာဉ်(၁)စီး၊ ထပ်မံကွင်းဆက်ဖော်ထုတ်ချက်အရ ဗဟန်းမြို့နယ်ရှိ Royal Platinum ဟိုတယ်ရှိအခန်းအား စိစစ်ရှာဖွေရာ တရားခံအမျိုးသမီး(၂)ဦးထံမှ ICE (၀.၄)ဂရမ်၊ Ketamine(၅)ဂရမ်၊ ကွင်းဆက်သတင်းအရ Platinum Square ဟိုတယ်ရှိအခန်းအား ဝင်ရောက်စိစစ်ရှာဖွေရာ နီပေါနိုင်ငံသား တရားခံအမျိုးသား(၁)ဦးနှင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုနှင့်ပါဝင်ပတ်သက်သူ တရားခံအမျိုးသား(၁)ဦးတို့အားလည်းကောင်း၊ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု ဖြစ်စဉ်(၅)ခုရှိခဲ့ပြီး မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ဖားအောက်ကျေးရွာ၌ တရားခံအမျိုးသား(၅)ဦးထံမှ စိတ်ကြွဆေးပြား(၃၅၈)ပြား၊ ဆေးခြောက်(၃၂)ဂရမ်၊ Honda Fit ယာဉ်(၁)စီး၊ ပွိုင့်၂၂ သေနတ် (၁)လက်၊ တစ်လုံးထိုးလုပ်သေနတ်(၁)လက်၊ လေသေနတ်(၂)လက်၊ ၇.၆၂ ကျည်(၁၀)တောင့်၊ ၉ မမကျည်(၆)တောင့်၊ ပွိုင့် ၂၂ ကျည်(၉)တောင့်၊ ပွိုင့် ၄၅ ကျည်(၁၃)တောင့်၊ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်၊ မယ်ယန်းစစ်ဆေးရေးဂိတ်၌ သတင်းအရ ဆိုင်ကယ်အား ရပ်တန့်စိစစ်ရာ တရားမဝင် ဝင်ရောက်လာသည့် ထိုင်းနိုင်ငံသား တရားခံအမျိုးသား(၁)ဦးထံမှ ၁၂ ဗို့ ကျည်(၁၂၂)တောင့်၊ ပွိုင့် ၃၈ ကျည်(၁၅၉)တောင့်၊ ၉ မမ ကျည်(၅၀)တောင့်၊ ပွိုင့် ၂၂ ကျည်(၂၀၉) တောင့်၊ ပွိုင့် ၄၅ ကျည်(၂၃)တောင့်၊ ၇.၆၂ကျည်(၁၃၀)တောင့်၊ ၅.၅၆ ကျည်(၁၀)တောင့်၊ ၉ မမကျည်အိမ်(၂)ခု၊ ဆိုင်ကယ်(၁)စီး၊ ကွင်းဆက်စိစစ်ဖော်ထုတ်ချက်အရ ဆေခမ်းရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၀၀)ပြား၊ ဘိန်းဖြူ(၆၆၀)ဂရမ်၊ ICE(၂၇၅)ဂရမ်၊ ကဖင်း(၄၇၃)ဂရမ်၊ ၉ မမ ပစ္စတို(၇)လက်၊ ပွိုင့် ၃၈ ပစ္စတို(၁)လက်၊ ပွိုင့် ၄၅ သေနတ်(၁)လက်၊ M-22(Scope ပါ)သေနတ်(၂)လက်၊ ပွိုင့်၂၂ (Scope ပါ)သေနတ်(၂)လက်၊ HK-33 သေနတ်(၁)လက်၊ ၁၂ ဗို့ သေနတ် အတို(၁)လက်၊ ပွိုင့် ၄၅ ကျည်(၆၁)တောင့်၊ ပွိုင့် ၂၂ ကျည်(၄၇၂)တောင့်၊ ပွိုင့် ၃၈ ကျည်(၅၅)တောင့်၊ ၁၂ ဗို့ကျည် (၂၅)တောင့်၊ ၉ မမကျည်(၂၂၁)တောင့်၊ ၅.၅၆ ကျည်(၃၁)တောင့်၊ ၇.၆၂ ကျည်(၅၄၁)တောင့်၊ ကျည်အိမ်(၃၄)ခု၊ GPS (၁)လုံး၊ အသံဖမ်းစက်(၁)လုံး၊ လက်ကိုင်စကားပြောစက်(၃)လုံး၊ I-Com အထိုင်စက်(၂)လုံး၊ Hummer ယာဉ်(၁)စီး၊ Crown ယာဉ်(၁)စီး၊ ဆိုင်ကယ်(၂)စီး၊ ဆက်လက်ဖော်ထုတ်ချက်အရ မိုင်းလင်းကျေးရွာ၌ RPG(၁)လက်၊ ပွိုင့် ၂၂ သေနတ်(၁)လက်၊ ပွိုင့် ၂၂ ကျည်(၃၀)တောင့်၊ ၇.၆၂ကျည်(၁၀၀)တောင့်၊ ကျည်အိမ်(၁)ခု၊ M-16 ကျည်အိမ်(၁)ခု၊ ဘက်ဟိုးယာဉ်(၄)စီး၊ ဆိုင်ကယ်(၁)စီး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ကွင်းဆက်သတင်းအရ ဝေလေလန်ကျေးရွာရှိ နေအိမ်အား ဝင်ရောက်စိစစ်ရာ ပွိုင့် ၂၂ (Scope ပါ) သေနတ်(၁) လက်၊ ပွိုင့်၂၂ ကျည်(၅၄)တောင့်၊ ကျည်အိမ်(၁)ခု၊ အသံထိန်းပြောင်းပါ Gas သေနတ်(၁)လက်၊ ၎င်းကျည်အိမ် (၁)ခု၊ မိုင်းဆတ်မြို့နယ်၊ အားဆော်ပေါ်မိုးကျေးရွာအနီး ဝန်းကျင်နယ်မြေစိုးမိုးရေးဆောင်ရွက်စဉ် လျှိုအနီးချုံအတွင်းမှ ပိုင်ရှင်မဲ့ စိတ်ကြွဆေးပြား(၄၁၉၀၀)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃၁၆၀)ဂရမ်၊ ကဖင်း(၆၀၀၀၀) ဂရမ်၊ ၁၂ ဗို့ကျည်(၂၂)တောင့်၊ ၇.၆၂ကျည်(၈၅)တောင့်၊ M-22 ကျည်အိမ်(၃)ခု၊ နှစ်လုံးပြူးသေနတ်(၁)လက်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ အေးရိပ်ငြိမ် ရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၄၀၀၀၀)ပြား၊ ဘိန်းဖြူ(၁၈)ဂရမ်၊ ဘိန်းစာမှုန့် (၉၉၀)ဂရမ်၊ ပစ္စတိုလုပ်သေနတ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ ပွိုင့် ၃၈ ကျည်(၁၃)တောင့်၊ မောတောင်မြို့ အမှတ်(၁)ရပ်ကွက်၌ တရားခံအမျိုးသား(၈)ဦး၊ အမျိုးသမီး(၁)ဦး၊ ပေါင်း(၉)ဦးတို့ထံမှ စိတ်ကြွဆေးပြား (၉၀)ပြား၊ ICE(၅)ဂရမ်၊ ဘိန်းစာမှုန့်(၈၀၀)ဂရမ်၊ တူမီးသေနတ်(၂)လက်၊ ခဲသီး(၁၅)လုံးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးရမိမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၂၃-၆-၂၀၁၉ရက်နေ့မှ ၂၉-၆-၂၀၁၉ရက်နေ့အထိ)အတွင်း အမှုပေါင်း(၂၄၄)မှု၊ တရားခံကျား(၃၀၄)ဦး၊ မ(၅၁)ဦး၊ပေါင်း(၃၅၅)ဦး၊ စိတ်ကြွဆေးပြား(၉၅၁၈၃၄)ပြား၊ စိတ်ကြွဆေးပြား အကြေမှုန့်(၃၁၉၉.၇၅၅)ဂရမ်၊ ဘိန်းဖြူ(၅၅၀၅.၄၆၅)ဂရမ်၊ ICE (၁၂၈၂၄.၂၄)ဂရမ်၊ Ketamine(၅)ဂရမ်၊ ကဖင်း(၁၆၀၅၄၇၃)ဂရမ်၊ ဘိန်း(၂၃၉၃၃.၄၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၄၆.၄)ဂရမ်၊ ဘိန်းစာမှုန့်(၁၃၆၃၅)ဂရမ်၊ ဘိန်းစာရွက်(၁၀၀၀)ဂရမ်၊ ဘိန်းဆီခဲ(၁၁)ဂရမ်၊ ဆေးခြောက်(၁၂၈.၇၄) ဂရမ်၊ Sulphuric Acid (၆၇၆၈)လီတာ၊ Ethyl Ether (၁၂၈)လီတာ၊ သေနတ်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ (၂၄၅၁)တောင့်၊ ခဲသီး(၁၅)တောင့်၊ ကျည်အိမ်မျိုးစုံ(၄၄)ခု၊ မှန်ပြောင်း(၅)ခု၊ အသံထိန်းပြောင်း(၁)ခု၊ GPS (၁) ခု၊ အသံဖမ်းစက်(၁)ခု၊ လက်ကိုင်စကားပြောစက်(၃)လုံး၊ I-Com အထိုင်စက်(၂)လုံး၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား ဖော်ထုတ်သိမ်းဆည်းရမိကြောင်း သတင်းရရှိပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

# ဒေါ်ကလျာနှင့်မောင်မိုးသူ

**မောင်မိုးသူ**

၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဒေါ်ကလျာ ကွယ်လွန်အနိစ္စရောက်သွားတဲ့သတင်းကို ဖေ့စ်ဘွတ်ပေါ်မှာကြည့်ပြီး သမီးအေးသီတာက ဖုန်းဆက်ပြောပါတယ်။ မောင်မိုးသူက ဖေ့စ်ဘွတ်ကိုကြည့်လေ့ကြည့်ထမရှိပါ။ ဒေါ်ကလျာကို မောင်မိုးသူက မမဝင်းလို့ခေါ်ပေမယ့် အမှန်စင်စစ်အားဖြင့် ဒေါ်ကလျာခေါ်မမဝင်းဟာ မောင်မိုးသူထက် တစ်နှစ်တိတိငယ်သူ ဖြစ်ပါတယ်။

**ထူးထူးဆန်းဆန်း အမျိုးသားနှစ်ယောက်**

ကလျာမဂ္ဂဇင်းစတင်ထုတ်ဝေစဉ်က အယ်ဒီတာချုပ်အဖြစ် မောင်ဝဏ္ဏကို ခန့်ထားလို့အဲဒီတုန်းက မောင်ဝဏ္ဏဆီကို မောင်မိုးသူစာတစ်စောင် ရေးခဲ့ဖူးပါတယ်။ မောင်မိုးသူကိုယ်တိုင်တော့ ကလျာမဂ္ဂဇင်းမှာ ခေတ်မီမီ ကမ္ဘာကြည့်ကြည့်မည် ပင်တိုင်ဆောင်းပါးတွေ အများကြီး အများကြီးရေးခဲ့ပါတယ်။ စုပေါင်းပြီး စာအုပ်အဖြစ်နဲ့လည်း ထုတ်ဝေခဲ့ပါတယ်။ ဒေါ်ကလျာတို့ရဲ့အမျိုးသမီးစာရေးဆရာ အသိုင်းအဝိုင်းထဲမှာ ထူးထူးဆန်းဆန်း အမျိုးသားနှစ်ယောက် ပါဝင်လေ့ရှိပါတယ်။ အဲဒီနှစ်ယောက်ကတော့ မောင်မိုးသူနဲ့ မင်းလူပဲဖြစ်ပါတယ်။ မောင်မိုးသူကိုတော့ မမဝင်းတို့၊ မေဦးတို့က မိန်းမဖော်တစ်ယောက်လို အောက်မေ့နေသလားမသိပါဘူး။ မင်းလူကိုတော့ သူတို့အုပ်စုကဝိုင်းပြီးတော့ မျောက်လူမျောက်လူလို့ခေါ်ပြီး နှိမ်လေ့ရှိပါတယ်။ ဒါပေမယ့် မင်းလူဆိုတဲ့ငနဲက စာထဲမှာတော့ မမဝင်းတို့ အမျိုးသမီးအုပ်စုကို ဟာသနှောပြီး ရေးလေ့ရှိပါတယ်။ သူတို့အားလုံးက ခံကြရတာပဲတတ်နိုင်တော့တာပေါ့။ ကလျာမဂ္ဂဇင်းမှာ အမြဲတမ်းပင်တိုင်ရေးခဲ့ကြတဲ့ မောင်မိုးသူရဲ့ ညီငယ်တွေ ဖြစ်ကြတဲ့ မောင်ဝဏ္ဏ၊ သုမောင်၊ မင်းလူတို့လည်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြပါပြီ။

**စီစဉ်ထုတ်ဝေ**

မောင်မိုးသူ အပြင်လောကရောက်လာချိန်မှာ ကလျာမဂ္ဂဇင်းကို မည်သို့မည်ပုံအသွင်သစ်ဖြစ်အောင် အကြံတောင်းတဲ့အတွက် ကလျာမဂ္ဂဇင်းမှာ နိုင်ငံတကာဆောင်းပါးတွေ၊ သတင်းတွေနှင့်တကွ တခြားဖွယ်ဖွယ်



ရာရာဆောင်းပါးတွေကို စက္ကူချောနဲ့ ရိုက်နှိပ်ဖြစ်အောင် မောင်မိုးသူအကြံပေးခဲ့ဖူးပါတယ်။ နောက်ဆုံးအကြံပေးသူတာဝန်ယူဆိုပြီး မမဝင်းက ကလျာမဂ္ဂဇင်းကို မမဝင်းနဲ့မောင်မိုးသူ နှစ်ဦးစပ်တူ ထုတ်ဝေဖို့ တိုက်တွန်းတဲ့အတွက် တစ်နှစ်တိတိ မောင်မိုးသူ ကလျာမဂ္ဂဇင်းကို စီစဉ်ထုတ်ဝေဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက စာရင်းကိုင်၊ ငွေကိုင်ပုဂ္ဂိုလ်ကတော့ ကနေ့ မမဝင်း ကွယ်လွန်တဲ့သတင်းကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ တွေ့ရှိပြီး မောင်မိုးသူကို အကြောင်းကြားတဲ့ သမီးအေးသီတာပဲဖြစ်ပါတယ်။ မောင်မိုးသူရဲ့မွေးနေ့က မေလ ၁၈ ရက်နေ့ဖြစ်ပါတယ်။ မောင်မိုးသူထက် လေး၊ ငါးရက်စောပြီ မွေးနေ့အတူဖြစ်တဲ့ အမျိုးသမီးကြီးနှစ်ဦးကတော့ တလောကမှ အသက် ၉၆ နှစ်အရွယ် ဖလော်ရီဒါမှာ ကွယ်လွန်သွားတဲ့ မမခင် ခေါ် ဒေါ်ပတ္တမြားခင် နဲ့ ယနေ့ ဇူလိုင် ၁ ရက်မှာ ကွယ်လွန်သွားရှာတဲ့ မမဝင်းတို့ဟာ မွေးနေ့တစ်ရက်တည်းဖြစ်ပါတယ်။

**နှစ်စဉ်လှူလေ့ရှိ**

မမဝင်းဟာ မမခင်ရဲ့မွေးနေ့ကို အမြဲအကျွေးအမွေးလေးနဲ့ ပြုလုပ်လေ့ရှိပါတယ်။ တစ်ချိန်တည်းမှာ မမခင်လှမ်းပို့ပေးတဲ့အလှူငွေများနှင့် အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေးအားနည်း၊ လိုအပ်ချက်တွေရှိနေကြတဲ့ စာပေနယ်က စာရေးဆရာများကို နှစ်စဉ်လှူလေ့ရှိပါတယ်။ အဲဒီပွဲတွေလည်း မောင်မိုးသူ အမြဲရောက်ခဲ့တာပေါ့။ ကလျာမဂ္ဂဇင်းကို ရပ်ဆိုင်းလိုက်ရတဲ့အချိန်မှာ မမဝင်းက အတော်စိတ်လှုပ်ရှားပုံရပါတယ်။ ကလျာမဂ္ဂဇင်းကို တခြားသူတစ်ဦးတစ်ယောက်က ဆက်ထုတ်မယ်ဆိုတော့လည်း မပေးရက်မပေးနိုင်ဘူးလေ။ မောင်မိုးသူကိုယ်တိုင်ကလည်း မထုတ်နိုင် မလုပ်ဖြစ်ခဲ့ပါဘူး။

**အလွမ်းစာလေးတစ်ပုဒ်**

မမဝင်းတို့ရဲ့သာကေတအိမ်မှာကျင်းပတဲ့ ပွဲတိုင်းမောင်မိုးသူတက်ဖြစ်ခဲ့ပါတယ်။ နောက်ဆုံး သိမ်ဖြူကွင်းထိပ်က အိမ်ကို ပြောင်းလာတဲ့အချိန်အထိလည်း မောင်မိုးသူ သွားဖြစ်ခဲ့ပါတယ်။ မောင်မိုးသူအိမ်ထဲရောက်ရင် အိပ်ရာထဲမှာလှဲနေတဲ့ မမဝင်းက တကူးတကထပြီး မောင်မိုးသူကို စားစရာတစ်ခုခု အမြဲကျွေးလေ့ရှိပါတယ်။ နောက်ပိုင်း အားနာတာကလည်း တစ်ကြောင်း၊ မောင်မိုးသူကိုယ်တိုင်ကလည်း လိုက်ပို့တဲ့သူမရှိရင် မသွားနိုင်တာကတစ်ကြောင်း မမဝင်းအိမ်ကို မရောက်ဖြစ်ခဲ့တာ တစ်နှစ်လောက်တောင်ရှိနေပြီထင်ပါတယ်။ တယ်လီဖုန်းနဲ့ ဆက်ဖြစ်တိုင်းလည်း ကလေးမလေးတွေ ဖြေပါတယ်။ မမဝင်းကိုယ်တိုင်ကလည်း တစ်ခါတလေ လာဖြေပါတယ်။ စာပေလောကမှာ အတူတွဲခဲ့ပြီး ကလျာကိုလည်း အတူထုတ်ခဲ့ဖူးတဲ့ မောင်မိုးသူတစ်ယောက် မမဝင်းကွယ်လွန်သွားတာနဲ့ ပတ်သက်ပြီး အလွမ်းစာလေးတစ်ပုဒ်ရေးပြီး ကြေးမုံကို ပို့လိုက်ရပါတယ်။

ဒီစာစုနဲ့အတူ အမှတ်တရဓာတ်ပုံလေးတစ်ပုံ ထည့်ပေးလိုက်ပါတယ်။ အဲဒီပုံထဲမှာ ကွယ်လွန်သွားကြရှာပြီဖြစ်တဲ့ ဒေါ်ကလျာ၊ ခင်ဆွေဦးတို့က စာရေးသူရဲ့ ဝဲ၊ ယာမှာထိုင်နေကြပြီး နံဘေးမှာ ဝန်းရံနေကြသူများကတော့ စာရေးဆရာမ ဂျူး၊ စာရေးဆရာမ သန်းမြင့်အောင်၊ VEC ဒေါ်ဝင်းဝင်းမေ၊ ကံ့ကော်ဝတ်ရည် မဝိုင်းတို့ပဲ ဖြစ်ပါတယ်။

**လွမ်းလျက်**
**မောင်မိုးသူ**
**၂၀၁၉ ခုနှစ် ဇူလိုင်လ ၁ ရက်**

# ခွန်းဆက်လို့လွှမ်း



**ဒီကျချိန်တန်**
**စုန်ပြန်ပေါ့ဗေဒါပန်း**
**ကျူရိုးရှင် ကျူပင်ရွက်နဲ့**
**ခွန်းဆက်လို့လွှမ်း**

**ဂျူး**

ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာတစ်ပုဒ်မှ နောက်ဆုံးပိုဒ်တစ်ပိုဒ်ဖြစ်ပါသည်။ ထိုစာသားတို့ကို ယနေ့ နံနက်ပိုင်းတွင် ကျွန်မ လွမ်းလွမ်းဆွေးဆွေး ရေရွတ်မိသည်။ ကျွန်မတို့သည် ချစ်သောသူအချင်းချင်း ခွဲခွာကြတော့မည်ဆိုလျှင် နှုတ်ခွန်းဆက်ပြီးမှ ခွဲလိုကြသည်။ နှုတ်ခွန်းဆက်၍လည်း အားရကျေနပ်သည်ဟု မရှိ၊ တကယ်တမ်းမှာတော့ ဘဝဟူသည် နှုတ်ခွန်းမဆက်လိုက်နိုင်မီ ခွဲခွာရသည့်ဖြစ်စဉ်တွေက များလေသည်။

**အလွမ်းပေါ် အလွမ်းဆင့်**

ကျွန်မတို့ချစ်လှစွာသော မေဦး (ဆရာမကြီး ခင်ဆွေဦး) မကြာသေးမီကမှ ကွယ်လွန်သွားသဖြင့် မှီခိုအားထားရာ ရင်ခွင်တစ်ခု ပြိုလဲခဲ့သည့်အဖြစ်ကို ကျွန်မတို့တစ်တွေ ဖြေဆည်ဖို့ ကြိုးစားရင်း လွမ်းဆွတ်တမ်းတ၍မှ မပြေနိုင်သေးချိန်မို့ အခုအခါ အလွမ်းပေါ်အလွမ်းထပ်ဆင့်ရပြန်သည်။

အန်တီဝင်းဟု ကျွန်မကခေါ်သော ကလျာ (ဝိဇ္ဇာသိပ္ပံ) ကို ဇွန်လ ၂၉ ရက် စနေနေ့မှာ နှုတ်ဆက်ခဲ့စဉ်က ဒါနောက်ဆုံးနှုတ်ဆက်ခြင်းဖြစ်လိမ့်မလားဟု အနည်းငယ်မျှပင် သံသယမဖြစ်ခဲ့ပေ။ "လာခဲ့ဦးနော် အန်တီ့ကို ပစ်မထားနဲ့နော်" ဟု တဖွဖွပြောပြီး ကျန်ခဲ့သည့် အန်တီဝင်းကို "၃ ရက်နေ့ ပြန်တွေ့မှာလေ အန်တီ" ဟု ကျွန်မ ရယ်ရယ်မောမောပင်နှုတ်ဆက်ခဲ့မိပါသည်။

**ယခုတိုင် မှတ်မိနေ**

ကလျာ (ဝိဇ္ဇာသိပ္ပံ) ကို ကျွန်မ စဖတ်ဖူးချိန်တွင် ကျွန်မက အငြိမတန်းကျောင်းသူဘဝပါ။ စာကို အလွန်နှစ်သက်သောကျွန်မ တစ်ရက်မှာ ကာတွန်းစိန်ကြီး စီစဉ်ထုတ်ဝေသော ဝတ္ထုစာအုပ်အရွယ် ရွှေရုပ်လွှာမဂ္ဂဇင်းခပ်ပါးပါးကို ကျွန်မ ဖတ်မိရင်း ရမ္မက်ကြမ္မာသံသရာ ဟူသည့် အခန်းဆက်ဝတ္ထုရှည်ကို နှစ်သက်သွားခဲ့သည်။ ဖတ်နေကျမဟုတ်သည့် လျှို့ဝှက်သည်းဖို ဇာတ်လမ်းဇာတ်ကွက်ကို ရှစ်တန်းအရွယ် စာဖတ်သူဘဝမှာ ရင်တဖိုဖိုဖြင့် ဖတ်ခဲ့ရသည်ကို ယခုတိုင်မှတ်မိနေပါသည်။ ကာတွန်းစိန်ကြီးကို ကလျာ၏ခင်ပွန်းဟုလည်း ကျွန်မ ဘယ်သိခဲ့မလဲ။ ကျွန်မစာရေးဆရာပေါက်စဘဝသို့ ခြေလှမ်းခါစ အချိန်မှာ ကလျာမဂ္ဂဇင်းထွက်လာသည်။ ထိုအချိန်က အမျိုးသမီးမဂ္ဂဇင်း သုံးစောင်တစ်ပြိုင်တည်း ထုတ်ဝေခွင့်ရခဲ့သည်။ ခင်ဆွေဦး၏ စပယ်ဖြူ၊ မလေးလုံ၏ လုံမလေးနှင့် ကလျာ၏ ကလျာမဂ္ဂဇင်းဖြစ်သည်။ စာပေနယ်အတွက်၊ မဂ္ဂဇင်းလောကအတွက် အားတက်စရာဖြစ်လေသည်။ ကလျာမဂ္ဂဇင်းသည် ဒေါက်တာသန်းထွန်းနှင့် လူထုဒေါ်အမာတို့၏ စာများကို လစဉ်ဖော်ပြနိုင်သဖြင့် ကျွန်မတို့ စောင့်ဖတ်ရသည့် မဂ္ဂဇင်းဖြစ်သည်။

တစ်နေ့သောအခါ ရေနံချောင်းမှာ ဆေးခန်းဖွင့်နေသော ကျွန်မဆီသို့ စာတိုက်မှ စာတစ်စောင်ရောက်လာခဲ့၏။ စာရေးဆရာမကြီး ကလျာ(ဝိဇ္ဇာသိပ္ပံ)ထံမှ စာဖြစ်သည်။ ပုဂံမြို့တွင် ရောဟိုတယ်(ဟိုစဉ်က ရောအင်းဟုခေါ်သည်) ၌ စာရေးနေသော စာရေးဆရာမကြီး ဒေါ်ကလျာက စာရေးဆရာ ပေါက်စနလေး ဂျူးထံမှ စာမူတောင်းသော စာဖြစ်၏။ ကျွန်မမှာ အံ့သြတကြီး ဝမ်းသာမိလျက် စာမူတစ်ပုဒ် ရေးလိုက်ပြီး ရန်ကုန်ကလျာမဂ္ဂဇင်းတိုက်သို့ စာတိုက်မှ ပို့ပေးလိုက်ပါသည်။ ကျွန်မအမှတ်မမှားဘူးဆိုလျှင် ထိုစာမူမှာ 'မီးရထားဆိုတာ' ဝတ္ထုဖြစ်ပါသည်။

ကျွန်မ ရန်ကုန်သို့ ပြောင်းရွှေ့အခြေချပြီး မကြာမီ စာရေးဆရာမ ကလျာကို တွေ့ဆုံခင်မင်ခွင့်ရသည်။ ကလျာတစ်ယောက်တည်းမဟုတ် ခင်ဆွေဦးရောအတူပါလာသည်။ ဗြိတိသျှကောင်စီတွင် အင်္ဂလိပ်စာသင်တန်းတက်နေသည့် ကျွန်မကို သင်တန်းဆင်းချိန်တွင် လာတွေ့ကြခြင်းဖြစ်သည်။ ကျွန်မကံကောင်းချင်တော့ ခင်ဆွေဦး၏ သမီး မပုလဲသည် ကျွန်မနှင့် သင်တန်းတက်ဖော်သူငယ်ချင်း ဖြစ်လာခဲ့လေသည်။ မပုလဲထံမှ ကျွန်မတို့ သင်တန်းဆင်းချိန်ကို သိထားခဲ့ခြင်းဖြစ်ပါလိမ့်မည်။ ထိုအချိန်မှစပြီး ကျွန်မဘဝတွင် မေဦးနှင့် အန်တီကလျာသည် ကွယ်လွန်သွားသော မိခင်ကိုယ်စား ချစ်ခင်စွာ အားကိုးရမည့် အဒေါ်တွေ ဖြစ်လာခဲ့ပါသည်။ ကလျာမဂ္ဂဇင်းသည် ကျွန်မတို့ စာရေးဆရာများ၏ အားထားရာဖြစ်သလို ကလျာမဂ္ဂဇင်း ရှိရာ သုဝဏ္ဏမြို့သို့ ပြောင်းရွှေ့သွားသည့် အန်တီဝင်း၏ နေအိမ်သည်လည်း ကျွန်မတို့ စာရေးဆရာ အမျိုးသား အမျိုးသမီးများ ဆုံစည်းရာစုရပ်တစ်ခုဖြစ်လာခဲ့သည်။

အန်တီဝင်းသည် စာရေးအား အလွန်ကောင်းသည်။ စာရေးပျင်းသော ကျွန်မကို စာရေးဖြစ်အောင် ဆူပူ၍တစ်မျိုး၊ အားပေး၍တစ်မျိုး တိုက်တွန်းရုံမျှမက ကျွန်မ အေးအေးဆေးဆေး စာရေးနိုင်ရန် သူ့အိမ်ကို ခေါ်ပြီး ကျကျနနပြုစုစောင့်ရှောက်ပေးတတ်သည်။ 'နံရံ၏အခြားတစ်ဖက်ဝတ္ထုနှင့် ပင်လယ်နှင့်တူသောမိန်းမများ' စာအုပ်နှစ်အုပ်ကို အန်တီဝင်းအိမ်မှာ ကျွန်မရေးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ကျွန်မကို ကိုယ့်စာအုပ်ကို ကိုယ်တိုင်ထုတ်ဝေသူဖြစ်အောင် အားပေးတိုက်တွန်းခဲ့သည်။

**စိတ်သဘောထားကောင်းမွန်သူ၊ ရောက်လာသမျှ ဧည့်သည်တို့ကို ကျွေးမွေးပြုစုသူ၊ စာရေးဆရာများကို ချစ်တတ်ပြီး ခွန်အားပေးတတ်သူ၊ အားလုံးအတွက် မှီခိုစရာရင်ခွင်တစ်ခုဖြစ်သည့် ဆရာမကလျာကို စာဖတ်သူများနှင့်အတူ စာရေးဆရာ မောင် ညီမများ တူ တူမများအားလုံး ကြေကွဲစွာ နှုတ်ဆက်ကြရသည့်အချိန် ရောက်လာခဲ့ပြီ။**

**စာမျက်နှာ ၁၁ သို့ ○**

○ စာမျက်နှာ ၁၀ မှ

ဆရာမဒေါ်ကလျာကို အခြားစာရေးဆရာ ဆရာမတွေထက်၊ စာဖတ်သူတွေထက် ကျွန်မက ပိုပြီး နှမြောတသသည်ဟု မပြောသင့်မှန်း သိပါ၏။ သို့သော် တခြား သူများအပေါ်ထက် ကျွန်မအပေါ်မှာ အန်တီဝင်း၏ ကျေးဇူးက ပိုကြီးပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၂၅ နှစ်တုန်းက အန်တီဝင်းသာ ကျွန်မကို ကိုယ့်စာအုပ်ကိုယ်ထုတ်ဝေနိုင်အောင် တိုက်တွန်း အားပေးခဲ့ပြီး လိုအပ်သမျှ မကူညီခဲ့လျှင် ယခုအခါ ကျွန်မ ထုတ်ဝေသူ၏လက်ထဲမှာ ချာလည်လည်နေဆဲ ဖြစ်နိုင်ပါသည်။ ကျွန်မစာအုပ်တွေ ထွက်သည့်အခါတိုင်း ကလျာမဂ္ဂဇင်းတိုက်ဖြစ်သည့် အန်တီဝင်း အိမ်မှာပင် နယ်နှင့်စာတိုက်ပို့ရန် စာအုပ်များ စိစစ်ထုပ်ပိုးရလေ့ရှိသည်။ ကျွန်မ၏တိုက်ခန်းက ငါးလွှာမှာကိုး။ အန်တီဝင်းသည် ကျွန်မအပေါ် အစစအရာရာ ကူညီစောင့်ရှောက်ခဲ့သူဖြစ်သည့်အတွက် အန်တီ့ကို စကားစပ်မိတိုင်း အန်တီက ကျွန်တော့်ရဲ့ကျေးဇူးရှင်ဟု တဖွဖွရေရွတ်မိသည်။ "ခင်ပွန်းကြီးဆယ်ပါးမှာ အန်တီပါတယ်။ ကျွန်တော်အမြဲရိုသေလေးစား ကျေးဇူးတင်နေတာပါ "ဟု ပြောတိုင်း အန်တီက မဟုတ်တာကွယ်ဟု ငြင်းရင်း ပြုံးလေ့ရှိပါသည်။

ကလျာမဂ္ဂဇင်းသည် ဝေဖန်ရေးစာများကို ဖော်ပြခြင်းမရှိခဲ့။ အန်တီဝင်းက ရန်လိုခြင်းနှင့်ပဋိပက္ခဖြစ်ခြင်းများကို မနှစ်သက်ပေ။ ထို့ကြောင့် ကလျာမဂ္ဂဇင်းသည် ငြိမ်းချမ်းသော မဂ္ဂဇင်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ စာရေးဆရာများအပေါ် အလွန်တာဝန်ကျေသည့် ထုတ်ဝေသူလည်းဖြစ်သည်။ စာမူတောင်းခြင်းကို ကိုယ်တိုင်ပြုလုပ်သလို စာအုပ်ထွက်သည့်အခါ စာအုပ်နှင့်စာမူခကို စာရေးဆရာကြီးများထံ ကိုယ်တိုင် လေးလေးစားစား လိုက်ပို့ပေးသည်။ အန်တီဝင်း၏ စီမံအုပ်ချုပ်မှုနှင့် စည်းကမ်းကြီးမှုကို ကျွန်မ အမြဲအားကျရပါသည်။

စိတ်သဘောထားကောင်းမွန်သူ၊ ရောက်လာသမျှ ဧည့်သည်တို့ကို ကျွေးမွေးပြုစုသူ၊ စာရေးဆရာများကို ချစ်တတ်ပြီး ခွန်အားပေးတတ်သူ၊ အားလုံးအတွက် မှီခိုစရာရင်ခွင်တစ်ခုဖြစ်သည့် ဆရာမကလျာကို စာဖတ်သူများနှင့်အတူ စာရေးဆရာ မောင်ညီမများ တူတူမများ အားလုံးကြေကွဲစွာနှုတ်ဆက်ကြရသည့်အချိန် ရောက်လာခဲ့ပြီ။

စာရေးဆရာမကြီး ကလျာ ကွယ်လွန်ခဲ့ပြီ။ ။

## ဆရာမဒေါ်ကလျာ(ဝိဇ္ဇာ / သိပ္ပံ)၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ဒေါ်ခင်ခင်ဝင်းဖြစ်ပြီး ဖျာပုံမြို့ တောင်ပိုင်း ကွက်သစ်ရပ်ကွက်(၇)လမ်းတွင် အဘ ဦးမောင်ထင် အမိဒေါ်ရွှေတို့မှ မွေးဖွားခဲ့သည့် သမီးလတ်ဖြစ်သည်။ မွေးဖွားခုနှစ်မှာ ၁၉၃၇ ခုနှစ်ဖြစ်သည်။

ဖျာပုံမြို့အထက (၁) တွင် စတင်တက်ရောက်ပညာသင်ကြားခဲ့ပြီး ဒသမတန်းကို ရန်ကုန်မြို့ လှကောလိပ်မှလည်းကောင်း၊ အင်တာအေကို ထီးတန်းကောလိပ်မှလည်းကောင်း အောင်မြင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် အင်တာဘီတွင် ကာတွန်းဦးစိန်ကြီးနှင့် အိမ်ထောင်ကျခဲ့သည်။ ၁၉၇၁ ခုနှစ်တွင် ရွှေရုပ်လွှာစာစောင်တွင် အခန်းဆက်ဝတ္ထုစတင်ရေးသားခြင်းဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။

၁၉၇၃ ခုနှစ်တွင် လုံးချင်းဝတ္ထုများကို စတင်ရေးသားခဲ့ပြီး အောင်မြင်ထင်ရှားသော လုံးချင်းဝတ္ထုများစွာထွက်ရှိနိုင်ခဲ့သည်။ ဆရာမကြီး၏ သက်တမ်းတစ်လျှောက် လုံးချင်းဝတ္ထုပေါင်း ၁၀၅ အုပ်တိတိ ထုတ်ဝေနိုင်ခဲ့ပြီး အချို့ဝတ္ထုများကို ရုပ်ရှင်၊ ဗီဒီယိုဇာတ်လမ်းတွဲများလည်း ရိုက်ကူးအောင်မြင်ခဲ့သည်။ လုံးချင်းဝတ္ထုများရေးသားနေစဉ်မှာပင် ၁၉၈၅ ခုနှစ်၌ ကလျာမဂ္ဂဇင်းကို စတင်ထုတ်ဝေခဲ့ပြီး ကလျာမဂ္ဂဇင်းသည် ၂၀၁၆ ခုနှစ်တွင် ၃၁ နှစ်ပြည့်သည်အထိ ရပ်တည်နိုင်ခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက် နံနက် ၇ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ်ရှိကာ ခင်ပွန်းဖြစ်သူနှင့်အတူ သားနှစ်ယောက်၊ မြေးနှစ်ယောက် ကျန်ရစ်ခဲ့ပါသည်။

# အင်ဂျင်နီယာများ မွမ်းမံသင်တန်း (၁/၂၀၁၉) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၁**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အင်ဂျင်နီယာများမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။



### ရည်ရွယ်ဖွင့်လှစ်

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ယခုဖွင့်လှစ်သည့် အင်ဂျင်နီယာများ မွမ်းမံသင်တန်း၏ ရည်ရွယ်ချက်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်တည်နိုင်ရန်အတွက် လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်အင်ဂျင်နီယာများ ပေါ်ထွက်လာစေရန်နှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားသယ်ပို့လိုင်း၊ ဓာတ်အားခွဲရုံ၊ တည်ဆောက်ရေးလုပ်ငန်းနှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် ကျွမ်းကျင်ပိုင်နိုင်စွာ ထိန်းသိမ်းမောင်းနှင်တာဝန်ထမ်းဆောင်နိုင်သည့် အရည်အချင်းများ ပြည့်ဝစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း။

သင်တန်း၏ရည်ရွယ်ချက်အတိုင်း ထိရောက်စေရေးအတွက် တက်ရောက်လာသည့် သင်တန်းသားများကို သင်တန်းနည်းပြများက မိမိတို့လုပ်သက်တစ်လျှောက် လုပ်ငန်းအတွေ့အကြုံများ ထည့်သွင်းပြီး သင်ကြားပို့ချသွားမည်ဖြစ်၍ သင်တန်းသားများအနေဖြင့် တတ်လို၊ သိလိုသည့်စိတ်များကို အရင်းခံ၍ စိတ်ဝင်တစားကြိုးစားလေ့လာသင်ယူဆည်းပူးကြစေလိုကြောင်း၊ နိုင်ငံတော်၏ လုပ်ငန်းများတွင် လက်ဆင့်ကမ်းသယ်ဆောင်သွားကြမည့် အင်ဂျင်နီယာ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

### ရက်သတ္တ လေးပတ်ကြာ ပို့ချမည်

အဆိုပါအင်ဂျင်နီယာများ မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၉) အား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ သင်တန်းသား သင်တန်းသူ ၂၉ ဦးဖြင့် ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရက်ကန်းပညာအဆင့်မြှင့်တင်ပေးခြင်း သင်တန်းဖွင့်လှစ်



**စစ်တွေ ဇူလိုင် ၁**

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာအများအပြားတွင် မိရိုးဖလာရက်ကန်းလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိရာ ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ရက်ကန်းပညာ အဆင့်မြှင့်တင်ပေးခြင်းသင်တန်းနှင့် ရက်ကန်းစင် ၃၀ ထောက်ပံ့ပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျောက်တန်းချေကျေးရွာ၌ ကျင်းပသည်။

### အဆင့်မြှင့်တင်မှု

"ရခိုင်ပြည်နယ်မှာရှိတဲ့ ကျေးရွာအများစုဟာ ရက်ကန်းလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေ များပါတယ်။ သူတို့ဟာ မိရိုးဖလာရက်ကန်းပုံစံအတိုင်း လုပ်ကိုင်ကြတယ်။ အဲဒီတော့ ဈေးကွက်ကို ထင်သလောက် မထိုးဖောက်နိုင်ဘူး။ ဈေးကွက်ကိုထိုးဖောက်နိုင်ဖို့ဆိုရင် ရက်ကန်းရက်တဲ့ နည်းပညာတွေ အဆင့်မြှင့်တင်မှုရမှာပါ။ ဒါကြောင့် ရက်ကန်းပညာအဆင့်မြှင့်တင်ပေးတဲ့ သင်တန်းကို ကျွန်တော်တို့ဌာနအနေနဲ့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ဒီလိုသင်တန်းပေးခြင်းအားဖြင့် ရက်ကန်းချည် အရည်အသွေး နည်းပညာတွေ ပိုမိုတိုးတက်လာမယ်။ ထွက်ရှိလာတဲ့ ရက်ကန်းထည် အရည်အသွေးတွေဟာလည်း ပိုမိုကောင်းမွန်လာမယ်။ အဲဒီလိုတိုးတက်ကောင်းမွန်လာမှ ဈေးကွက်မှာ ရခိုင်လုံချည်တွေဟာ တစ်ခေတ်ပြန်ပြီးတော့ ထိုးဖောက်လာနိုင်မှာ ဖြစ်ပါတယ်" ဟု ရခိုင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက ပြောကြားသည်။

### ဦးစားပေးရွေးချယ်

စစ်တွေမြို့နယ်အတွင်းရှိ ကျောက်တန်းချေကျေးရွာသည် တစ်ရွာလုံးနီးပါး မိရိုးဖလာရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ကြပြီး နည်းပညာလိုအပ်ချက်များကြောင့် ၎င်းကျေးရွာအား ဦးစားပေးရွေးချယ်၍ ရက်ကန်းပညာအဆင့်မြှင့်တင်ပေးခြင်း သင်တန်းနှင့် ရက်ကန်းစင် ၃၀ ထောက်ပံ့ပေးခြင်း ဆောင်ရွက်ခဲ့ကြောင်း၊ ကျောက်တန်းချေကျေးရွာကဲ့သို့ လိုအပ်ချက်အခက်အခဲများရှိနေသည့် အခြားကျေးရွာများကိုလည်း သင်တန်းနှင့် အထောက်အပံ့များဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဦးအောင်ဖြိုးက ပြောသည်။

မိရိုးဖလာရက်ကန်းလုပ်ငန်းကို နှစ်ပေါင်း ၃၀ ကျော် လုပ်ကိုင်လာသည့် ကျောက်တန်းချေကျေးရွာသူ ဒေါ်တင်တင်ဦးက "အခုပေးတဲ့ ရက်ကန်းစင်က ကျွန်မတို့ အိမ်မှာရှိတဲ့ ရက်ကန်းစင်နဲ့မတူပါဘူး။ အိမ်မှာရှိတဲ့ ရက်ကန်းစင်က အိမ်တိုင်မှာကပ်ပြီး ရက်လုပ်ရတယ်။ အခုပေးတဲ့ ရက်ကန်းစင်က နေရာပြောင်းရွှေ့ပြီး ရက်လုပ်လို့ရတယ်၊ အဆင့်လည်းမြင့်တယ်။ တာဝန်ရှိသူတွေအနေနဲ့ အခုလိုအဆင့်မြင့်သင်တန်းတွေ ဖွင့်လှစ်သင်ကြားပေးတာကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ရက်လုပ်တာနဲ့ မန္တလေးနဲ့ တခြားပြည်မကြီးကလာတဲ့ အထည်တွေနဲ့က အရည်အသွေးမတူပါဘူး။ နည်းပညာလိုအပ်ချက်တော့ ရှိနေပါတယ်။ အဲဒါတွေကိုလည်း တာဝန်ရှိသူတွေအနေနဲ့ သင်တန်းဖွင့်လှစ်သင်ကြားပေးရင် ကျွန်မတို့အတွက် ဈေးကွက်ဝင်တဲ့ ရက်ကန်းထည်တွေ ပိုပြီးရက်လုပ်နိုင်မယ် ထင်ပါတယ်" ဟု ပြောသည်။

### ရက်ကန်းစင် ၃၀ အား ထောက်ပံ့မည်

ယခုသင်တန်းကို ကျောက်တန်းချေကျေးရွာ၌ ကျေးရွာသူ ၃၀ အား ရခိုင်ပြည်နယ် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ဆရာမများက ဇူလိုင်လတစ်လတာသင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းပြီးဆုံးပါက အဆိုပါ သင်တန်းသူ ၃၀ အား အဆင့်မြင့်ရက်ကန်းလုပ်ငန်းလုပ်ကိုင်နိုင်ရန် တစ်ဦးလျှင် ရက်ကန်းစင်တစ်စင်နှုန်းဖြင့် စုစုပေါင်းရက်ကန်းစင် ၃၀ အား ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပြီး ရက်ကန်းစင်တစ်စင်၏ တန်ဖိုးမှာ ငွေကျပ် ၅၅၀၀၀၀ ရှိကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်လွင် တက်ရောက်၍ အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောက်တန်းချေကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများနှင့် ရက်ကန်းသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

**ဟန်မင်း**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

**မိုး/ဇလ**



## စီးပွားဖြစ်ဝေလငါးဖမ်းရန် ဂျပန်ငါးဖမ်းရေယာဉ်စု ဆိပ်ကမ်းမှ ထွက်ခွာ

**ရှီမိုနိုဆေကီ ဇူလိုင် ၁**

ဂျပန်နိုင်ငံက ၃၁ နှစ်ကြာ ရပ်ဆိုင်းထားခဲ့သည့် စီးပွားဖြစ် ဝေလငါးဖမ်းခြင်းလုပ်ငန်းကို ပြန်လည်စတင်ရန် ဂျပန်နိုင်ငံ အနောက်ပိုင်း ရှီမိုနိုဆေကီဆိပ်ကမ်းမြို့မှ ဇူလိုင် ၁ ရက်တွင် ဝေလငါးဖမ်းရေယာဉ်စုထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ယင်းရေယာဉ်စု ထွက်ခွာသည့်အခမ်းအနားကို ယင်းရေယာဉ်စု၏ ပင်မရေယာဉ် နစ်ရှင်မာရူး၏ရှေ့တွင် ကျင်းပခဲ့သည်။

ဂျပန်နိုင်ငံက အပြည်ပြည်ဆိုင်ရာ ဝေလငါး ဖမ်းဆီးရေးကော်မရှင်မှ နုတ်ထွက်ခဲ့ပြီး နောက်တစ်ရက်တွင် အဆိုပါအခမ်းအနားကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆယ်စုနှစ်သုံးခုခန့် စောင့်ဆိုင်းနေရပြီးနောက် စီးပွားဖြစ် ဝေလငါးဖမ်းမှုများ ပြန်လည်ပြုလုပ်နိုင်ခြင်းကြောင့် ၎င်းအနေဖြင့် ပျော်ရွှင်ဂုဏ်ယူမိကြောင်း ရှီမိုနိုဆေကီမြို့တော်ဝန် ရှင်တာဇိုမာဒီရာက အဆိုပါ အခမ်းအနားတွင် ပြောကြားသည်။

ယင်းအခမ်းအနားအပြီးတွင် ရေယာဉ်အဖွဲ့သားများနှင့် ၎င်းတို့၏ ရေယာဉ်များသည် သုံးလတာကြာမြင့်မည့် ဝေလငါးဖမ်းခရီးစဉ်အဖြစ် အဆိုပါ ဆိပ်ကမ်းမှ ထွက်ခွာခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ်အား အစ္စရေးလေကြောင်းမှ တိုက်ခိုက်၊ အရပ်သားလေးဦး သေဆုံး

**ဒမတ်စကတ် ဇူလိုင် ၁**

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ရှိ ဒေသအချို့နှင့် နိုင်ငံအလယ်ပိုင်းရှိ ဟွန်းစ်ပြည်နယ်တို့အား ဇွန် ၃၀ ရက် ညပိုင်းတွင် အစ္စရေးက တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာ အရပ်သားလေးဦး သေဆုံးသွားကြောင်း ဆီးရီးယားအစိုးရပိုင် ဆာနားသတင်းဌာနက ဖော်ပြသည်။

အစ္စရေး၏ တိုက်ခိုက်မှုကြောင့် မြို့တော်ဒမတ်စကတ်၏ ဆင်ခြေဖုံး အက်ရှ်ရာဖီယက်ဆန်ညာရာဒေသတွင် မွေးကင်းစ ကလေးငယ်တစ်ဦး အပါအဝင် အရပ်သားလေးဦးသေဆုံးခဲ့ကြောင်း ဆာနားသတင်းတွင် ဖော်ပြသည်။

ဇွန် ၃၀ ရက် သန်းခေါင်ယံအချိန်တွင် မြို့တော်ဒမတ်စကတ်၏ အနောက်ဘက်နှင့် အနောက်တောင်ဘက် အစွန်ပိုင်းတို့တွင် ပြင်းထန်သည့် ပေါက်ကွဲသံများကို ကြားရကြောင်း၊ ထိုနည်းတူ မာဇရက်လေတပ်အခြေစိုက်စခန်းနှင့် ဂျူမာရာဒေသအနီးရှိ သိပ္ပံသုတေသနဌာနတည်ရှိရာနေရာများ၌လည်း ပေါက်ကွဲသံများ ကြားရကြောင်း သတင်းတွင် ဖော်ပြသည်။

အစ္စရေးစစ်လေယာဉ်များသည် လက်ဘနွန်နိုင်ငံ၏ လေကြောင်းပိုင်နက်အတွင်းနှင့် အသိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်ဒေသ ဝေဟင်ပိုင်နက်အတွင်းမှ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ဆီးရီးယားစစ်ဘက်မှ ထုတ်ပြန်သည့် ကြေညာချက်ကို ကိုးကား၍ ဆီးရီးယား အစိုးရပိုင်သတင်းဌာနက ဖော်ပြသည်။

ပစ်မှတ်များသို့ ဦးတည်ပစ်ခတ်ခဲ့သည့် အစ္စရေးတို့၏ ဒုံးကျည်အချို့ကို ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့က ကြားဖြတ်ပစ်ချခဲ့သည်။ အစ္စရေးတို့က ဒုတိယအကြိမ်ပြုလုပ်ခဲ့သည့် ပစ်မှတ်ထားတိုက်ခိုက်မှုသည် ဒမတ်စကတ်မြို့စွန် တောင်ပိုင်းဒေသနှင့် ကူနီထရာပြည်နယ် တောင်ပိုင်းရှိ ပစ်မှတ်များကို ဦးတည်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

ဟွန်းစ်ပြည်နယ် တောင်ပိုင်းဒေသကိုလည်း အစ္စရေးက အလားတူ တိုက်ခိုက်ခဲ့ရာ ဆီးရီးယားလေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့က ၎င်းတို့ ပစ်ခတ်သည့်ဒုံးကျည်များကို ကြားဖြတ်ဟန့်တားခဲ့သည်။

အစ္စရေးတို့၏တိုက်ခိုက်မှုကြောင့် ဒမတ်စကတ်မြို့တော် ဆင်ခြေဖုံးရှိ လူနေအိမ်ကဲ့သို့သော ဆီးရီးယားအရပ်သားများပိုင်ဆိုင်သည့် ပစ္စည်းအချို့ပျက်စီးခဲ့ကြောင်း ဆီးရီးယားအစိုးရ ရုပ်မြင်သံကြားသတင်း၌ ဖော်ပြသည်။

ယခုတိုက်ခိုက်မှုမှာ အစ္စရေးတို့၏ဒုံးကျည်ဖြင့် ပထမဆုံးအကြိမ် တိုက်ခိုက်မှုမဟုတ်ဘဲ ဆီးရီးယားနိုင်ငံအတွင်းရှိ စစ်ဘက်ဆိုင်ရာနေရာများကို အစ္စရေးတို့က ပစ်ခတ်တိုက်ခိုက်မှုများ ထပ်ဖန်တလဲလဲ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

**ဆင်ဟွာ**

## တာလီဘန်အဖွဲ့က မြို့တော်ကဘူး၌ ကားဗုံးခွဲတိုက်ခိုက်၊ ကလေး ၅၀ ထက်မနည်း အပါအဝင် လူ ၁၀၀ နီးပါး ဒဏ်ရာရ

**ကဘူး ဇူလိုင် ၁**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးတွင် ဇူလိုင် ၁ ရက် အစောပိုင်းက တာလီဘန်စစ်သွေးကြွအဖွဲ့က အင်အားပြင်းထန်သည့်ကားဗုံးဖောက်ခွဲတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် လူတစ်ဦးထက်မနည်း သေဆုံးပြီး ထိခိုက်ဒဏ်ရာရရှိသူများပြားကြောင်း၊ ကားဗုံးပေါက်ကွဲပြီး နောက်တွင် သေနတ်သမားများနှင့် အာဖဂန်လုံခြုံရေး အထူးတပ်ဖွဲ့များအကြား ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ ကားဗုံးဖောက်ခွဲတိုက်ခိုက်သည့်နေရာမှာ အာဖဂန်အစိုးရ အဆောက်အအုံများနှင့် စစ်ဘက်မှ လူနေအိမ်များ တည်ရှိရာနေရာတွင် ဖြစ်ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရသူများထဲတွင် ကလေးအများစု ပါဝင်ကြောင်း ဆေးရုံတစ်ရုံမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။ ယင်းနေ့နံနက်ပိုင်း လူအများသွားလာချိန် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် လေထုအတွင်းသို့ မီးခိုးများလွင့်ပျံတက်ကာ နှစ်ကီလိုမီတာအကွာရှိ အဆောက်အအုံများ ပေါက်ကွဲမှုအရှိန်ကြောင့် တုန်ခါသွားခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်မှုစတင်ဖြစ်ပွားပြီး နောက်ထပ် ခုနစ်နာရီခန့်အကြာအထိ သေနတ်သမားများနှင့် အာဖဂန်အထူးလုံခြုံရေးတပ်ဖွဲ့များအကြား ဖြစ်ပွားသည့် ပစ်ခတ်တိုက်ခိုက်မှုများအတွင်း လက်နက်ငယ်မျိုးစုံ၏ပစ်ခတ်သံများကို ကြားရကြောင်း အေအက်ဖ်ပီသတင်းထောက်က ပြောကြားသည်။

ယင်းကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် လူတစ်ဦးထက်မနည်း သေဆုံးပြီး ဒဏ်ရာရရှိသူ ၉၃ ဦးအနက် ၅၀ ထက်မနည်း ကလေးများပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ဒဏ်ရာရရှိသူများထဲမှ သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကလေးအများစုသည် ပေါက်ကွဲမှုဖြစ်ရာမှ လွင့်စဉ်လာသည့် မှန်ကွဲစများ ထိမှန်မှုကြောင့် ဒဏ်ရာရကြခြင်းဖြစ်ပြီး ၎င်းတို့၏အခြေအနေ စိုးရိမ်စရာမရှိကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကို တာလီဘန်စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့သည်ဟု ပြောကြားခဲ့သည်။



လာမည့် စက်တင်ဘာလတွင် ကျင်းပသည့် အာဖဂန်နစ္စတန် သမ္မတရွေးကောက်ပွဲမတိုင်မီ အာဖဂန် ပြည်တွင်းစစ် အပစ်အခတ်ရပ်စဲမှုရရှိနိုင်ရေးအတွက် အမေရိကန်အစိုးရက ကြိုးပမ်းနေပြီး ကာတာနိုင်ငံတွင် တာလီဘန်စစ်သွေးကြွအဖွဲ့ ကိုယ်စားလှယ်များနှင့် အမေရိကန်အစိုးရ ကိုယ်စားလှယ်တို့ ခုနစ်ကြိမ်မြောက် ဆွေးနွေးမှုအပြီး နှစ်ရက်အကြာတွင် တာလီဘန်စစ်သွေးကြွ အဖွဲ့က တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**



## အိန္ဒိယနိုင်ငံတွင် ခရီးသည်တင်ယာဉ်နှစ်စီးတိမ်းမှောက်၊ ၃၈ ဦး သေဆုံး

**နယူးဒေလီ ဇူလိုင် ၁**

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ယာဉ်နှစ်စီးတိမ်းမှောက်မှုကြောင့် စုစုပေါင်း လူဦးရေ ၃၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ခရီးသည် ၅၀ ကျော် တင်ဆောင်လာသည့် ယာဉ်တစ်စီးသည် ဇူလိုင် ၁ ရက် နံနက်ပိုင်းက ဂျမ်မူနှင့် ကတ်ရှ်မီးယားပြည်နယ်မြောက်ပိုင်း မီတာ ၁၅၀ အနက်ရှိသည့် ချောက်တစ်ခုအတွင်းသို့ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၃၄ ဦး သေဆုံးခဲ့ကာ ၁၇ ဦးဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ဒေသဆိုင်ရာရဲတပ်ဖွဲ့၏ ပြောကြားချက်အရ တောင်တက်လမ်းတစ်ခုတွင် ယာဉ်တစ်စီးအား ကျော်တက်ရန် ကြိုးစားခဲ့ခြင်းကြောင့် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်ဟု ဆိုသည်။ ဇူလိုင် ၁ ရက်မှာပင် ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်ရှိ တောင်တန်းထူထပ်သော ဒေသတွင် နောက်ယာဉ်တစ်စီး တိမ်းမှောက်မှုကြောင့် သေဆုံးသူလေးဦးအနက် ကျောင်းသားသုံးဦး ပါဝင်ကြောင်း သိရသည်။

ပြီးခဲ့သည့်လကမူ နိုင်ငံ၏ မြောက်ပိုင်းဒေသရှိ တောင်တန်းထူထပ်သောဒေသတွင် ယာဉ်တိမ်းမှောက်မှုကြောင့် ၄၄ ဦး သေဆုံးခဲ့ကြောင်းလည်း သိရသည်။ ပြည်သူများကလည်း ဘေးကင်းလုံခြုံရေးဆိုင်ရာ တိုင်းတာမှုများကို လုပ်ဆောင်ရန် အစိုးရအား တောင်းဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

# ဇွန်လအတွင်း အန်ကောဝပ်ဥယျာဉ်သို့ လာရောက်သည့် ကမ္ဘာလှည့်ခရီးသည်များထံမှ ဒေါ်လာ ၅ ဒသမ ၄ သန်း ရရှိ

**ဖနောင်ပင် ဇူလိုင် ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ ထင်ရှားကျော်ကြားသော အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ ယခုနှစ် ပထမနှစ်ဝက်အတွင်း ကမ္ဘာလှည့်ခရီးသွား ၁ ဒသမ ၂၄ သန်း ဝင်ရောက်ခဲ့ရာ အမေရိကန် ဒေါ်လာ ၅၅ ဒသမ ၇ သန်း ဝင်ငွေရရှိခဲ့ကြောင်း ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ယခုနှစ် ပထမနှစ်ဝက်အတွင်း အန်ကောဝပ်ရှေးဟောင်းသုတေသနဥယျာဉ်သို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်လည်ပတ်မှု ပမာဏသည် ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၈ ဒသမ ၃ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့သည်ကို တွေ့ရသည်။

ကမ္ဘာလှည့်ခရီးသည် ၁၂၆၆၀၂ ဦးသည် ယခုနှစ် ဇွန်လတစ်လတည်းတွင် အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်ခဲ့ရာ ၎င်းတို့ထံမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄ သန်းခန့် ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသို့ အများဆုံး လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများသည် တရုတ်၊ အမေရိကန်ပြည်ထောင်စုနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ဖြစ်ကြသည်။

အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်ဝင်ကြေးကို နိုင်ငံခြားသား တစ်ဦးလျှင် တစ်ရက်စာအတွက် အမေရိကန်ဒေါ်လာ ၃၇ ဒေါ်လာ၊ သုံးရက်စာအတွက် အမေရိကန်ဒေါ်လာ ၆၂ ဒေါ်လာနှင့် သီတင်းတစ်ပတ်စာအတွက် အမေရိကန်ဒေါ်လာ ၇၂ ဒေါ်လာ နှုန်းဖြင့် အသီးသီးသတ်မှတ်ကောက်ခံကြောင်း သိရသည်။

ကမ္ဘာလှည့်ခရီးသည်များသည် ကမ်းရိုးတန်းဒေသများသို့ ပို၍သွားရောက်ခဲ့ကြခြင်းကြောင့် ယခုနှစ် ပထမနှစ်ဝက်ကာလအတွင်း အန်ကောဝပ် ရှေးဟောင်းသုတေသနဥယျာဉ်သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသည် ဦးရေ ကျဆင်းလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



# ယခုနှစ် ပထမ ငါးလအတွင်း အင်ဒိုနီးရှားသို့ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှု မြင့်တက်

**ဂျကာတာ ဇူလိုင် ၁**

ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်သည့် အဆောက်အအုံ၊ အထောက်အပံ့ ပစ္စည်းပစ္စယများ တိုးတက်ကောင်းမွန်အောင် အစိုးရ၏ အရှိန်မြှင့်ဆောင်ရွက်မှုကြောင့် ယခုနှစ် ပထမ ငါးလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု မြင့်တက်ခဲ့သည်ဟု သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ မေလအထိ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုသည် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၂ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး ၆ ဒသမ ၃၇ သန်း ရှိခဲ့သည်ဟု အမျိုးသားစာရင်းအင်းဗျူရိုက တနင်္လာနေ့တွင် ပြောကြားသည်။

မေလတွင် အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှု ယခင်နှစ် အလားတူကာလထက် ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ပြီး ကမ္ဘာလှည့်ခရီးသည် ဦးရေ ၁ ဒသမ ၂၆ သန်း လာရောက်လည်ပတ်ခဲ့သည်ဟု အဆိုပါ ဗျူရိုအကြီးအကဲ ကီကတ်ဆူဟာရီယန်တိုက ပြောသည်။

မေလအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် အများဆုံး လာရောက်ခဲ့သည့် နိုင်ငံများမှာ မလေးရှား၊ တရုတ်၊ စင်ကာပူ၊ ဩစတြေးလျနှင့် တီမောလက်စ်တေ နိုင်ငံတို့မှ ဖြစ်ပြီး ကိန်းဂဏန်းအားဖြင့် မလေးရှားမှ ၂၅၂၀၀၀၊ တရုတ်မှ ၁၆၅ ၀၇၄ ဦး၊ စင်ကာပူမှ ၁၃၆၃၄၆ ဦး၊ ဩစတြေးလျမှ ၁၀၈၀၅၇ ဦး၊ တီမောလက်စ်တေမှ ၁၀၀၃၃၈ ဦး ဖြစ်သည်ဟု ဆူဟာရီယန်တိုက ပြောသည်။



၂၀၁၈ ခုနှစ်က ကမ္ဘာလှည့်ခရီးသည် ဦးရေ ၁၅ ဒသမ ၈၁ သန်း လာရောက်လည်ပတ်ခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၁၉ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုဦးရေ သန်း ၂၀ ရရှိရေး ရည်မှန်းချက်ပြည့်မီရန် မျှော်မှန်းသည်ဟု ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်-အောင်ဇော်လင်း**

## တရုတ်နှင့် စင်ကာပူအကြား ဒေါ်လာ ၂၆ ဘီလီယံကျော်တန်ကြေးရှိ စီမံကိန်းများဖော်ဆောင်ရန် လက်မှတ်ရေးထိုး

**ချုံကျင်း ဇူလိုင် ၁**

တရုတ်-စင်ကာပူ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃ ဘီလီယံ တန်ကြေးရှိ စီမံကိန်း ၁၆၉ ခု အတွက် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တရုတ်-စင်ကာပူ မဟာဗျူဟာမြောက် ချိတ်ဆက်မှုအစီအစဉ်အရ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးသွားလုပ်ငန်းနှင့် အခြားနယ်ပယ်များတွင် တိုးချဲ့ဆောင်ရွက်ခဲ့ကြောင်း ချုံကျင်းမြို့တော်အခြေစိုက် အဆိုပါအစီအစဉ်၏ အုပ်ချုပ်ရေးဗျူရို အကြီးအကဲ ဟန်ချောင်ကျင်းက ပြောကြားသည်။

စီချွမ်၊ ကျင်ဟိုင်းနှင့် ယူနန်ပြည်နယ်များအပါအဝင် တရုတ်နိုင်ငံရှိ ပြည်နယ်ခြောက်ခု အကျုံးဝင်သော ယင်းအစီအစဉ်အရ ဧပြီလမှစ၍ အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံ တန်ကြေးရှိ နယ်စပ်ဖြတ်ကျော်စီမံကိန်း ၁၀၄ ခုကို စတင်လုပ်ဆောင်ခဲ့သည်။ တရုတ်-စင်ကာပူ မဟာဗျူဟာမြောက် ချိတ်ဆက်မှုအစီအစဉ်မှာ ဘဏ္ဍာရေးဝန်ဆောင်မှု၊ လေကြောင်းပို့သန်းရေး၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် သတင်းထုတ်ပြန်မှု နည်းပညာအပါအဝင် နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရန် ရည်ရွယ်သည်။

၁၉၉၄ ခုနှစ်တွင် ကျန်းစုပြည်နယ်၌ တည်ထောင်ခဲ့သည့် ဆုကျိုးစက်မှုဇုန်နှင့် ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံမြောက်ပိုင်း၌ ဖွင့်လှစ်ခဲ့သည့် တီယန်ကျင်းစီးပွားရေးမြို့တော်တို့ပြီးနောက် ယခုအစီအစဉ်မှာ နှစ်နိုင်ငံကြား တတိယမြောက်ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ဖိလစ်ပိုင် မူးယစ်နှိမ်နင်းမှုစစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့ဝင် ၅၀ ထက်မနည်းသေဆုံး

**မနီလာ ဇူလိုင် ၁**

ဖိလစ်ပိုင်အစိုးရ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးများကြောင့် ၂၀၁၆ ခုနှစ်ကတည်းက ရဲတပ်ဖွဲ့ဝင် ၅၀ ထက်မနည်း အသက်ဆုံးရှုံးခဲ့ပြီး ၁၄၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသားရဲတပ်ဖွဲ့အကြီးအကဲ အယ်လ်ဘာယာလ်ဒေးက ယနေ့ ပြောကြားသည်။

အသက် ၃၇ နှစ်အရွယ် ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့ဝင် ကွန်ရာဒို ကာဘီဂိုအာဆိုသူသည် ရီဇာလ်ပြည်နယ် ရိုဒရီဂွက်ဇ်မြို့တွင် ဇွန် ၂၉ ရက်က အသတ်ခံခဲ့ရပြီး အစိုးရ၏ မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးတွင် နောက်ဆုံးသေဆုံးသူ တစ်ဦးဖြစ်လာခဲ့သည်။

ဖိလစ်ပိုင် အမျိုးသားရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေး ၁၅၃၂၇၆ ခုကို ၂၀၁၆ ခုနှစ်ကတည်းက ဆင်နွှဲခဲ့ရာ ယင်းစစ်ဆင်ရေးများအတွင်း ရဲတပ်ဖွဲ့ဝင် ၅၀ ထက်မနည်း အသက်ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သံသယရှိသူ ၂၄၀၅၆၅ ဦး ကိုလည်း ယင်းစစ်ဆင်ရေးအတွင်း ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

ဒူတာတေးအစိုးရသည် တရားမဝင် မူးယစ်ဆေးဝါး နှိမ်နင်းရေးဆိုင်ရာ သုံးနှစ်ကြာစစ်ဆင်ရေးမှာ ပြတ်ပြတ်သားသား အနိုင်ရရှိမည်ဖြစ်ကြောင်း၊ သို့သော် သမ္မတ ဒူတာတေး၏ သမ္မတ ခြောက်နှစ်သက်တမ်း မကုန်ဆုံးမီ ဖိလစ်ပိုင်နိုင်ငံအား မူးယစ်ဆေးဝါးကင်းစင်သည့် နိုင်ငံတစ်ခုဖြစ်စေရေးအတွက် မိမိတို့အနေဖြင့် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ကြောင်း ဖိလစ်ပိုင် ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

ဖိလစ်ပိုင်သမ္မတ ဒူတာတေးသည် နိုင်ငံအတွင်း တရားမဝင် မူးယစ်ဆေးဝါးနှိမ်နင်းမှုစစ်ဆင်ရေးကို ၂၀၁၆ ခုနှစ် ဇွန် ၃၀ ရက်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံအတွင်း တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုကို ၂၀၂၂ ခုနှစ် မတိုင်မီ အမြစ်ပြတ်ချေမှုန်းသုတ်သင်သွားရန် ကတိကဝတ်ပြုထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ဒဲလက်စ်မြို့တော်အနီး လေယာဉ်ငယ်ပျက်ကျ၍ လူ ၁၀ ဦး သေဆုံး

**ဒဲလက်စ် ဇူလိုင် ၁**

အမေရိကန်ပြည်ထောင်စု ဒဲလက်စ်မြို့တော်အနီး၌ လေယာဉ်ငယ်တစ်စင်း လေယာဉ်ရုံတစ်ခုပေါ်သို့ပျက်ကျရာ လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း တက္ကဆက်ပြည်နယ် အက်ဒီဆင်မြို့ဆိုင်ရာ ပြောခွင့်ရ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ဒဲလက်စ်မြို့တော်မြောက်ဘက် မိုင် ၂၀ ခန့်အကွာ အက်ဒီဆင်မြူနီစီပယ်လေဆိပ်၌ အင်ဂျင်နှစ်လုံးတပ် လေယာဉ်ငယ်တစ်စင်း ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူမရှိကြောင်း ပြောခွင့်ရ အမျိုးသမီး မာရီရိုဆန်ဘလိက ပြောကြားသည်။ Beechcraft BE-350 King Air အမျိုးအစား အဆိုပါ လေယာဉ်ငယ်မှာ နံနက် ၉ နာရီဝန်းကျင်တွင် လေယာဉ်ရုံတစ်ခုကို တိုက်မိခဲ့သည်ဟု ဖက်ဒရယ်လေကြောင်း ပျံသန်းရေးဌာနက ပြောသည်။ လေယာဉ်ပျက်ကျရာ လေယာဉ်ရုံမှ မီးခိုးများ တလိပ်လိပ်တက်လာပုံကို ဗီဒီယိုဖိုင်များတွင် ပြသနေသည်။ သေဆုံးသူများမှာ မည်သူမည်ဝါဆိုသည်ကို တာဝန်ရှိသူများက ထုတ်ပြန်ခြင်းမရှိသေးပေ။



လေယာဉ်မှာ ပျံတက်ချိန်အတွင်း ပျက်ကျခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှုကို မြန်မြန်ဆန်ဆန် ငြိမ်းသတ်ခဲ့ကြောင်း ဒဲလက်စ်မြို့တော်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အဒ်ဝပ်မာတယ်လီကပြောသည်။ အခင်းဖြစ်ရာနေရာသို့ ကျွမ်းကျင်သူများ စေလွှတ်နေကြောင်း ဖက်ဒရယ်လေကြောင်းပျံသန်းရေးဌာနနှင့် အမျိုးသားသယ်ယူပို့ဆောင်ရေးဘုတ်အဖွဲ့မှ စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားသည်။

**ကိုးကား-ပီတီအိုင်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အတွင်း၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ



**နေပြည်တော် ဇူလိုင် ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ် ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၆ ရက်မှ ၂၇ ရက်အထိ တရားမဝင်သစ်များ ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဟွေရဲ ပူးပေါင်းစစ်ဆေးရေးစခန်းအနီး မော်တော်ယာဉ်တစ်စီးပေါ်မှ ပိတောက်စကွဲယား ၁၀ တုံး(၆ ဒသမ ၅၃၀၈ တန်)နှင့်အတူ ပြစ်မှုကျူးလွန်သူတစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မန္တလေး-လားရှိုး ကားလမ်း X-Ray ဂိတ်အတွင်း Crown မော်တော်ယာဉ်ပေါ်မှ တမလန်းစကွဲယား ၂၃ တုံး(သုည ဒသမ ၅၆၈၈တန်)၊ ကျောက်စိမ်းတုံး ၁၅၀ (၁၂၄ ဒသမ ၂၅ ပိဿာ)တို့ကို ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်(အတက်လမ်း) မော်တော်ယာဉ်တစ်စီးပေါ်မှ သစ်ပိတောက်ခွဲသား ၆၁ ချောင်း (၁ ဒသမ ၇၁၉၂ တန်)သိမ်းဆည်းရမိခဲ့ရာ ပြစ်မှုကျူးလွန်သူများနှင့် ဆက်စပ်သောသူများကို စုံစမ်းရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**

■

# တရားမဝင်သယ်ဆောင်လာသော ဆင်သားရေများ မိဿလင်ကျေးရွာအုပ်စုတွင် သိမ်းဆည်းရမိ

**ရေကြည် ဇူလိုင် ၁**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဇွန် ၃၀ ရက် ညနေ ၅ နာရီခွဲက ကုန်းပြင်နယ်မြေရဲစခန်းပိုင် ငွေးတောက်ကျေးရွာအုပ်စု တောင်စမ်းရွာနှင့် မြောက်စမ်းရွာကြားတွင် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသော ဆင်သားရေများနှင့် ပတ်သက်၍ ပစ္စည်းပိုင်ရှင်/ သယ်ဆောင်သူများအား ဖမ်းဆီးရမိနိုင်ရေးအဖွဲ့များဖွဲ့၍ စုံစမ်းရှာဖွေကာ ဇူလိုင် ၁ ရက် ညနေ ၄ နာရီခွဲက မောင်ထွေး(ခ) နှာပိ ရခိုင်ပြည်နယ် ဂွမြို့နယ် ချင်းစုရွာနေသူအား ဒုရဲအုပ်အောင်မျိုးမင်း ပါဝင်သော ပူးပေါင်းအဖွဲ့က မိဿလင်ကျေးရွာအုပ်စု ရေနံ့သာ-ဂွ ကားလမ်း မိုင်တိုင်(၂၂/၀)အနီး ဦးတင်စိန်၏နေအိမ်တွင် ဖမ်းဆီးရမိကြောင်း ကုန်းပြင်နယ်မြေရဲစခန်းမှ သိရသည်။

ဖမ်းဆီးရမိသော မောင်ထွေး(ခ)နှာပိက ဂွမြို့နယ် ဇောခိကျေးရွာနေ ဦးအောင်ကျော်နိုင်၊ ရေကြည်မြို့နယ် ရဲကင်းစခန်း(ကမ်းနီး)ပိုင် ညောင်မှော်အုပ်စု ရွာသစ်ရွာနေ မောင်စိုး၊ ကိုထွေးတို့နှင့်အတူ ဆင်သားရေများအား ပီနံအိတ်များဖြင့် ထုပ်ပိုး၍ ဆိုင်ကယ်လေးစီးဖြင့် ရွာသစ်ရွာနှင့် အောင်ဇံကျေးရွာကြား တောလမ်းမှတစ်ဆင့် ချောင်းဂွကျေးရွာအနီး တောအတွင်းသို့ ပို့ဆောင်ပေးရန် ငှားရမ်းသည့်အတွက် ၎င်းပိုင်ဆိုင်ကယ်ဖြင့် ဆင်သားရေများအား သယ်ဆောင်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဆက်လက်၍ ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဆန်းတင့်(ရေကြည်)**

# မိုးကောင်း၌ တရားဝင်မော်တော်ယာဉ်လိုင်းမဝင်ဘဲ ခရီးသည်နှင့် ကုန်စည်တင်ပြေးဆွဲနေသည့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီး

**မိုးကောင်း ဇူလိုင် ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့တွင် ဇွန် ၃၀ ရက် နံနက်ပိုင်းက တရားဝင်မော်တော်ယာဉ်လိုင်းမဝင်ဘဲ ခရီးသည်နှင့် ကုန်စည်တင်ပြေးဆွဲနေသည့် လိုင်စင်မဲ့ယာဉ်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးကောင်းမြို့နယ်အတွင်း တရားဝင်မော်တော်ယာဉ်လိုင်းမဝင်ဘဲ ခရီးသည်နှင့် ကုန်စည်တင်ပြေးဆွဲနေခြင်းကြောင့် ဇွန် ၃၀ ရက် နံနက် ၁၀ နာရီခွဲက မိုးညှင်းခရိုင် အမှတ်(၁၀၁) ယာဉ်ထိန်းတပ်ဖွဲ့စုမှ မိုးညှင်းခရိုင်ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ကျော်နိုင် ဦးဆောင်၍ မိုးညှင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လုပ်ငန်းလိုင်စင်နှင့်သယ်ယူပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မိုးညှင်းခရိုင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများသည် မိုးကောင်းမြို့ ရှစ်မိုင်လမ်းဆုံရှိ မြစ်ကြီးနား-ရွှေဘို ပြည်ထောင်စုလမ်းမကြီးပေါ်တွင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်ယာဉ်လိုင်းမဝင်ဘဲ ခရီးသည်နှင့် ကုန်စည်တင်ပြေးဆွဲနေသည့် Pajero နှစ်စီး၊ AD Van ယာဉ်တစ်စီးနှင့် Mark II ယာဉ်တစ်စီး စုစုပေါင်း လိုင်စင်မဲ့ယာဉ်လေးစီးကို ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ လိုင်စင်မဲ့ယာဉ် လေးစီးနှင့် အတူ တွေ့ရှိသူလေးဦးကို မိုးကောင်းမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**



# နမ္မတီးဘူတာ၌ တရားမဝင်ကျွန်းတံခါးချပ်များ သိမ်းဆည်းရမိ

**နမ္မတီး ဇူလိုင် ၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဘူတာ၌ ဇွန် ၃၀ ရက် မွန်းလွဲပိုင်းက မိုင်းရှင်းရထားဖြင့် တရားမဝင်သယ်ဆောင်လာသည့် ကျွန်းတံခါးချပ်နှင့် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မိုင်းရှင်းရထားဖြင့် တရားမဝင်ကျွန်းသစ်တံခါးချပ်များ သယ်ဆောင်လာကြောင်း သတင်းအရ နမ္မတီးဘိနယ်တာဝန်ခံ တောအုပ်ကျော်နိုင်ဝင်း၊ နမ္မတီးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇော်လွင်အောင်နှင့် တာဝန်ရှိသူများသည် နမ္မတီးဘူတာသို့ ဆိုက်ရောက်လာသည့် မိုင်းရှင်းရထား(APT)အား စစ်ဆေးရှာဖွေရာ သံချပ်ကာတွဲပေါ်တွင် နန့်စီးအောင်မှ မြစ်ကြီးနားသို့ပို့ဆောင်မည့် လေးပေကျွန်းတံခါး ၁၁၇ ချပ်၊ ခြောက်ပေတံခါးချပ် ၁၃ ချပ်၊ ပေပျဉ်ချပ်ဆိုဒ်စုံ ၈၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**

# ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာတွင် ညအချိန် ဓားထောက်၍ ရွှေထည်ပစ္စည်းများအား လုယက်

**ရွှေဘို ဇူလိုင် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာတွင် ဇွန် ၂၉ ရက် ည ၁၀ နာရီတွင် အမျိုးသားတစ်ဦးက ငှက်ပျောပေါင်း ဝယ်ယူပြီး ဆိုင်ရှင်ဖြစ်သူအား ဓားဖြင့်ထောက်၍ ခြိမ်းခြောက်ကာ ရွှေလက်စွပ်နှင့် ရွှေဆွဲကြိုးအား လုယက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာတွင် ဇွန် ၂၉ ရက် ည ၁၀ နာရီက တရားလိုဖြစ်သူ ဒေါ်ချစ်ဝိုင်း ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ နေသူသည် နေအိမ်တွင် ရှိနေစဉ် အမျိုးသားတစ်ဦးရောက်ရှိလာပြီး ငှက်ပျောပေါင်း ဝယ်ယူမည်ဟုပြောသဖြင့် ငှက်ပျောပေါင်းအား ဓားနှင့်လှီးကာ ပါဆယ်ထုပ်နေစဉ် အဆိုပါဓားအား ယူပြီး ဒေါ်ချစ်ဝိုင်း၏ လည်ပင်းအားထောက်၍ ခြိမ်းခြောက်ကာ ဆွဲပြားပါရွှေဆွဲကြိုးတစ်ကုံး (အလေးချိန် သုံးကျပ်ခွဲသား)နှင့် အလေးချိန်တစ်မတ်သားခန့်ရှိ ရွှေလက်စွပ်တစ်ကွင်းတို့အား လုယက်ယူဆောင်သွားခဲ့သဖြင့် အဆိုပါအမျိုးသားအား စုံစမ်းဖော်ထုတ်အရေးယူရန် တိုင်တန်းထားကြောင်း သိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ ရွှေဘိုမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# မိုးကောင်း နတ်ကြီးကုန်းရပ်ကွက်၌ လျှပ်စစ်မီးပလတ်ခုံ ဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ် နှစ်လုံး မီးလောင်

**မိုးကောင်း ဇူလိုင် ၁**

မိုးကောင်းမြို့နယ် နတ်ကြီးကုန်း ရပ်ကွက် ရုံးဟောင်းအပိုင်း(၂)၌ ယနေ့ နံနက် ၃ နာရီ မိနစ် ၅၀ ခန့်က နေအိမ်နှစ်လုံး မီးလောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါရပ်ကွက်ရှိ ဒေါ်ထုဆမ်၏ ဝါးကြမ်းခင်း၊ ထရံကာ ၁၈ ပေ ပတ်လည်အိမ် လျှပ်စစ်မီးပလတ်ခုံ ဝိုင်ယာရှော့ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွားပြီး နောက်ဘက်ခြေရင်းမှ သွပ်မိုး၊ ပျဉ်ခင်း၊ ထရံကာ အိမ်သို့ မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

**သန်းလွင်ဦး (ပြန်/ဆက်)**

# ရိခေါဒါရ်မြို့၌ တရားမဝင် ဝင်ရောက်လာသူ လေးဦး ဖမ်းဆီးရမိ

**ရိခေါဒါရ် ဇူလိုင် ၁**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ အိန္ဒိယနိုင်ငံဘက်မှ တရားမဝင်ဖြတ်ကျော်ဝင်ရောက်လာသူ လေးဦးအား ဇူလိုင် ၁ ရက်တွင် ရိခေါဒါရ် နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်အောင်ဆန်းလင်းနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရိခေါဒါရ်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ဆန်းလင်းနှင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ရိခေါဒါရ်မြို့ အမှတ်(၁) ရပ်ကွက် လိုင်ပီယာန်ဘုရားကျောင်းမှ ဗိုလ်ချုပ်လမ်းမဘက်သို့ မောင်းနှင်လာသော 5M/---- Hiace ယာဉ်အား အမှတ်(၂) ရပ်ကွက်ရှိဈေးထိပ်တွင် ရပ်တန့်စစ်ဆေးခဲ့ရာ ဦးမောင်စွမ်းခိုင်(ခ)မောင်ခိုင် မောင်းနှင်ပြီး ဦးကပ်ခန့်ကိန်း(ခ) ပီတာကိန်းတို့ လိုက်ပါလျက် တရားမဝင် ဝင်ရောက်လာသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ တရားမဝင် ဝင်ရောက်လာသူ လေးဦးအား စစ်ဆေးခဲ့ရာ ရခိုင်ပြည်နယ်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပါယူခါလီဒုက္ခသည်စခန်းသို့ လည်းကောင်း၊ ၎င်းမှတစ်ဆင့် ကော့ဘဇားမြို့ ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ Silchar သို့ လည်းကောင်း၊ ထိုမှတစ်ဆင့် မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့သို့ လည်းကောင်း၊ အိုင်ဇောလ်မြို့မှ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် (အိန္ဒိယဘက်ခြမ်း) ဇိုခေါထာရ်ကျေးရွာသို့ လည်းကောင်း အဆင့်ဆင့်လာရောက်ခြင်းဖြစ်ပြီး ဇိုခေါထာရ်ကျေးရွာမှတစ်ဆင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်နယ်နိမိတ်ချောင်းအား တရားမဝင်ဖြတ်ကျော်၍ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံဘက်သို့ တရားမဝင်ဖြတ်ကျော်ခိုးဝင်လာသူ လေးဦး၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ရိခေါဒါရ်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရိခေါဒါရ်(ပြန်/ဆက်)**

**တန်ဖိုးရှိလှ လူငယ်ဘဝ**
**မူးယစ်ကင်းစင် ကျန်းမာမှ**

# တန်းတူညီမျှရေးနှင့် အမျိုးသမီးများ၏အကျိုးစီးပွား အလေးထားမြှင့်တင်

မယု(စက်မှု)

ယနေ့မျက်မှောက်ခေတ်တွင် ကမ္ဘာအရပ်ရပ်ရှိ အမျိုးသမီးများသည် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်း စသဖြင့် နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်မှုခံနေရသည်မှာ လူတိုင်းမျက်မြင်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် လူသားမဆန်သော အပြုအမူလုပ်ရပ်များဖြစ်ပြီး ယနေ့ကမ္ဘာကြီး၏ ကပ်ရောဂါတစ်ခုအနေဖြင့်လည်း ကျရောက်လျက် ရှိပါသည်။ သို့ပါ၍ အမျိုးသမီးများ အကြမ်းဖက်မှုဒဏ်မှ ကင်းဝေးစေရေးအတွက် ကမ္ဘာပေါ်ရှိ ကျား၊ မ အားလုံး **"အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ"** အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းပြီး ကူညီစောင့်ရှောက်ပေးရန် လိုအပ်မည် ဖြစ်ပါသည်။

**အမျိုးသမီးများအပေါ် အကြမ်းဖက်မှု** ဟူသည် မိသားစုအတွင်း၊ လူမှုအသိုင်းအဝိုင်းအတွင်း၊ လုပ်ငန်းခွင်နှင့် လုပ်ငန်းခွင်ပြင်ပတွင်ဖြစ်စေ အမျိုးသမီးများအား ရုပ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်း၊ ဂုဏ်သိက္ခာပိုင်း၊ အကျိုးစီးပွားဆိုင်ရာတို့ကို ထိခိုက်နာကျင်အောင် ပြုလုပ်သည့် ဥပဒေနှင့်မညီသော လုပ်ရပ်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ ယနေ့ နည်းပညာခေတ်တွင် ဖေ့စ်ဘွတ် စသည့် လူမှုမီဒီယာများမှတစ်ဆင့် အကြမ်းဖက်မှုသည်လည်း များပြားလာပါသည်။ သာဓကများအနေဖြင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် နှုတ်အားဖြင့် ကာယိန္ဒြေ ထိခိုက်အောင် ပြုမူပြောဆိုခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် အပြင်းအထန် နာကျင်စေခြင်း၊ နှိုင့်ထက်စီးနင်းပြုခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများတွင် ကာမလိမ်လည်ရယူခြင်း၊ မုဒိမ်းမှုနှင့် လူကုန်ကူးမှု စသဖြင့် ပါဝင်ပါသည်။

အိမ်တွင်းအကြမ်းဖက်ခံရမှုအနေဖြင့် မိမိတို့နိုင်ငံတွင် အမျိုးသမီး ခုနစ်ဦးလျှင် တစ်ဦးခန့်ရှိကြောင်း၊ အိမ်ထောင်ရှင်အမျိုးသမီးများအနက် ၁၀ ဦးလျှင် သုံးဦးခန့်သည် ခင်ပွန်းသည်၏ ထိန်းချုပ်လွှမ်းမိုးမှုကို ခံစားနေရကြောင်း၊ အိမ်ထောင်ရှင်အမျိုးသမီး ငါးဦးလျှင် တစ်ဦးသည် ခင်ပွန်းသည်၏ အကြမ်းဖက်မှုကို ခံစားနေရပြီး ခင်ပွန်းသည်၏ အကြမ်းဖက်မှုကို ခံစားရသူများအနက် ၁၀ ဦးလျှင် လေးဦးခန့်သည် ထိခိုက်ဒဏ်ရာရရှိကြောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံစားခဲ့ရသူများအနေဖြင့် ၂၂ ရာခိုင်နှုန်းကသာ အကူအညီများရယူခဲ့ပြီး ၃၇ ရာခိုင်နှုန်းမှာ ဖွင့်ဟပြောဆိုခြင်းမရှိကြောင်းနှင့် ကျန် ၄၁ ရာခိုင်နှုန်းမှာ ဖွင့်ဟပြောဆိုသော်လည်း အကူအညီရယူခဲ့ခြင်းမရှိကြောင်းကို **၂၀၁၅-၂၀၁၆ ခုနှစ် မြန်မာနိုင်ငံ လူနေမှုဘဝနှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်စစ်တမ်း** မှ သိရှိရပါသည်။

ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးစွမ်းပကားမြှင့်တင်ရေးအတွက် ချမှတ်ထားသည့် ဦးတည်ချက်(၉)ချက်၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် **"လူတိုင်း ကျား၊ မ မရွေး၊ နိုင်ငံကြီး၊ ငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူ အခွင့်အရေးရရှိရေးကို ဂရုပြုရန်"** ဟူသည့်အချက်များကို အကောင်အထည်ဖော်ရန်အတွက် နိုင်ငံအဆင့်လုပ်ငန်း ယန္တရားအဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းနေ့ကို **"မြန်မာအမျိုးသမီးများနေ့"** အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် **"အမျိုးသမီးဘဝဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့"** ဟူသည့်ဆောင်ပုဒ်ကို လက်ကိုင်ထားကာ ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့၏ရည်ရွယ်ချက်များတွင် အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ရန်၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ လူကုန်ကူးမှု လျော့နည်းပပျောက်စေရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ရန်တို့ ပါရှိပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အာဆီယံအမျိုးသမီးရေးရာကော်မတီ (Asean Committee on Women-ACW) အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ **အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာလုပ်ငန်းစဉ် ၂၀၁၃-၂၀၂၂** ကိုလည်း

> **အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကိုအခြေခံပြီး ချမှတ်ထားရှိသော မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက် (MSDP) ပါ နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်**

လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း မြန်မာအမျိုးသမီးရေးရာအဖွဲ့ချုပ်အပြင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့ စသဖြင့် အမျိုးသမီးထုကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများ ထူထောင်ဖွဲ့စည်း၍ အမျိုးသမီးများ အကျိုးစီးပွားကို အလေးထားမြှင့်တင် ဆောင်ရွက်လျက် ရှိပါသည်။

**အမျိုးသမီးဆိုင်ရာ အကြမ်းဖက်မှုများ လျော့နည်းစေရေးအတွက် မိမိတို့နိုင်ငံ၏ ဆောင်ရွက်ချက်များကို တင်ပြရလျှင်** -

- ၂၀၁၄ ခုနှစ်အတွင်း အာဆီယံဒေသအတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာချက်ကို အာဆီယံခေါင်းဆောင် အကြီးအကဲများ လက်မှတ်ရေးထိုးခဲ့ပြီး **အာဆီယံဒေသအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်အကြမ်းဖက်မှု ပပျောက်ရေးလုပ်ငန်းစီမံချက်** ကိုလည်း ရေးဆွဲထားပြီး ဖြစ်ပါသည်။ အဆိုပါ စီမံချက်များနှင့်အညီ မိမိတို့နိုင်ငံအနေဖြင့် လိုက်ပါ ဆောင်ရွက်လျက် ရှိပါသည်။
- **အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကုလသမဂ္ဂ သဘောတူစာချုပ် စီဒေါ်** (Convention on Elimination of all Froms of Discrimination Against Women-CEDAW) တွင် မိမိတို့နိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ် ဇူလိုင်လတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပါသည်။
- **"အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဥပဒေဖြင့်ကာကွယ်ပေး"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အကြမ်းဖက်ခံရသော အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လိုအပ်ချက်များကို တုံ့ပြန်ဖြည့်ဆည်းပေးရန်၊ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် ပေးနိုင်ရန်အတွက် **အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်စောင့်ရှောက်ရေးဥပဒေ** ကို ယခုနှစ် ၂၀၁၉ ခုနှစ်အတွင်း ပြဋ္ဌာန်းနိုင်ရန် ဆက်စပ်ဝန်ကြီးဌာနများ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် ကမ္ဘာတစ်ဝန်း နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ **၁၆ ရက်တာ လှုပ်ရှားမှုအစီအစဉ်** ကို နှစ်စဉ် ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်နေ့ကို **အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့** အဖြစ် သတ်မှတ်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် **"အကြမ်းဖက်မှုပပျောက်ရေး အမျိုးသမီးများအသံ နားထောင်ပေး"** ဟူသည့် ဆောင်ပုဒ်ဖြင့် အခမ်းအနား ကျင်းပခဲ့ပါသည်။
- **အမျိုးသမီးဆိုင်ရာ ပဋိပက္ခနှင့်စပ်လျဉ်းသည့် အမျိုးသမီးများအပေါ် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးတွဲကြေညာချက်** ကို မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။
- အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် "**One Stop Women Support Center**" ကို ရန်ကုန်၊ မန္တလေး၊ လားရှိုးနှင့် မော်လမြိုင်မြို့တို့တွင် ဖွင့်လှစ်ထားရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင်လည်း **ကျား၊ မ အခြေပြု အကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်း ဝန်ဆောင်မှု ရရှိနိုင်သောဌာန** ကို ယခုနှစ် ဖေဖော်ဝါရီလအတွင်း ဖွင့်လှစ်ပေးခဲ့ပါသည်။

အထက်တင်ပြပါ အမျိုးသမီးရေးရာကိစ္စရပ်များကို ဆောင်ရွက်ခြင်းဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၅)တွင် **"ကျား၊ မ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များအားလုံး စွမ်းပကားတိုးမြှင့်စေရေး"** ဟူသည့် ပန်းတိုင်၊ ပန်းတိုင် (၅) ရည်မှန်းချက်(၁)တွင် **နေရာအနှံ့တွင် ဖြစ်ပေါ်နေသည့် အမျိုးသမီးနှင့် အမျိုးသမီး ငယ်ရွယ်သူများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းများ အဆုံးသတ်ရေး၊** ရည်မှန်းချက်(၂)တွင် **လူကုန်ကူးခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် အခြားခေါင်းပုံဖြတ်ခြင်းအပါအဝင် အမျိုးသမီးနှင့် အမျိုးသမီးငယ်ရွယ်သူများအပေါ် အများပြည်သူမြင်ကွင်းနှင့် ဆိတ်ကွယ်ရာနေရာများတွင် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းများ ပပျောက်ရေး** စသည့် ရည်မှန်းချက်များကိုလည်း ပြည့်မီစေမည် ဖြစ်သည်။ အမျိုးသမီးများ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် နိုင်ငံတော်အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက်များကို အခြေခံပြီး ချမှတ်ထားရှိသော **မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံချက်** (MSDP)ပါ နိုင်ငံရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များနှင့် ချိတ်ဆက် ဆောင်ရွက်သွားရမည် ဖြစ်သည်။

အမျိုးသမီးများ၏ မူလအခွင့်အရေးနှင့်ပတ်သက်၍ ခွဲခြားမှုမရှိစေရန် နိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၈** နှင့်တူညီသော အလုပ်အတွက် အခွင့်အရေးနှင့် လစာတို့ကို အမျိုးသားများနှင့်တန်းတူ ခံစားခွင့်အား **ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၃၅၀** တို့တွင် ပြဋ္ဌာန်းထားပြီး အမျိုးသမီးများ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများဖြင့် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။ အထူးသဖြင့် မိမိတို့နိုင်ငံတွင် ဖြစ်ပွားမှုများပြားနေသည့် အိမ်တွင်းအကြမ်းဖက်မှုများ၊ သက်ငယ်မုဒိမ်းမှုများ၊ အွန်လိုင်းမှတစ်ဆင့် အမျိုးသမီးများ၏ ကာယိန္ဒြေကိုထိခိုက်အောင် ပြုမူအကြမ်းဖက်မှုများ၊ လုပ်ငန်းခွင်အကြမ်းဖက်မှုများ၊ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများ၏ အရေးကိစ္စဟူသမျှကို လက်ရှိ တည်ဆဲဥပဒေများဖြင့် ခိုင်ခိုင်မာမာဖြင့် ထိန်းကျောင်းပေးရန်နှင့် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း အသစ်ရေးဆွဲ၍လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်သွားရမည် ဖြစ်သည်။

သို့ပါ၍ **"ပုခက်လွှဲသောလက်သည် ကမ္ဘာကို ပင့်မထားနိုင်သည်"** ဆိုစကားအတိုင်း အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် အမျိုးသားများ၏ အမျိုးသမီးများအပေါ်ထားရှိ ရမည့် **"သနားညှာတာမှု၊ လူ့ကျင့်ဝတ်၊ ဂုဏ်သိက္ခာ၊ ကရုဏာတရား၊ ဆင်ခြင်တုံတရား"** စသည့် အပေါင်း လက္ခဏာဆောင်သည့် အပြုအမူများဖြင့် အပြန်အလှန်ချိန်ညှိပြီး တည်ဆဲဥပဒေများ၊ အမျိုးသမီးရေးရာနှင့် ပတ်သက်၍ နိုင်ငံတကာနှင့် လက်မှတ်ရေးထိုး ထားသည့် ကတိကဝတ်များနှင့်အညီ အပြန်အလှန် ထိန်းကျောင်းကာ နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော် ရှိသည့် မြန်မာအမျိုးသမီးများအတွက် ကူညီ စောင့်ရှောက်ပေးကြပါဟု အလေးအနက်ထားတိုက်တွန်းရင်းဖြင့် ယခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို ဖော်ကျူး ရေးသားတင်ပြလိုက်ရပါသည်။ ။

## သတင်းလမ်းညွှန်

### အိမ်ခြံမြေနှင့် ကုန်ပစ္စည်းအရောင်းပြပွဲကြီးကျင်းပမည်

မြန်မာနိုင်ငံ၏ အကြီးဆုံး အိမ်ခြံမြေနှင့် လူသုံးကုန်ပစ္စည်းအရောင်းပြပွဲကြီးကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၁ လမ်းထောင့်ရှိ မန္တလေးမြို့တော်ခန်းမတွင် ဇူလိုင် ၅ ရက်မှ ၇ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### FRANCHISING Launching Event ဆွေးနွေးပွဲကျင်းပမည်

FRANCHISING Launching Event ဆွေးနွေးပွဲကို မန္တလေးမြို့ သိပ္ပံလမ်းပေါ်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဟောပြောဆွေးနွေးမည့် ဆရာကြီးများမှာ ဒေါက်တာအောင်ထွန်းသက်၊ ဦးတင်ဇံကျော်၊ ဦးအောင်နိုင်ဦး၊ ဦးမြင့်ဇော်နှင့် ဦးသူရိန်ငြိမ်းတို့က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

### ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကလေးရယူခြင်းဟောပြောမည်

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ BNH ဆေးရုံမှ မျိုးပွားမှုဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဆာဆာဝီမော၏ ဖန်ပြွန်သန္ဓေသားနည်းဖြင့် ကလေးရယူခြင်း ဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မြတ်နန်းယုံဟိုတယ်၌ ဇူလိုင် ၆ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### အခြေစိုက်ခရီးသွားလုပ်ငန်းများ တွေ့ဆုံပွဲကျင်းပမည်

မန္တလေးမြို့အခြေစိုက် ခရီးသွားလုပ်ငန်းများ ပထမအကြိမ်တွေ့ဆုံပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆လမ်းနှင့် ၅၃ လမ်းထောင့်ရှိ Serene Restaurant တွင် ဇူလိုင် ၆ ရက် ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ ကျင်းပမည်

အထက်မြန်မာပြည်တက္ကသိုလ် ဒီဂရီကောလိပ်များ ဖိတ်ခေါ်ကြက်တောင်ရိုက်ပြိုင်ပွဲ (အမျိုးသား/အမျိုးသမီး) ကို မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဇူလိုင် ၁၆ ရက်မှ ၂၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### Mandalay Dental Conference ၂၀၁၉ ကျင်းပမည်

Mandalay Dental Conference ၂၀၁၉ ကို မန္တလေးမြို့ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၌ ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

## မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်း အမြင့်ပေ ၆၀၂၀ ရှိ ဆင်တောင်ပေါ်သို့ အောင်မြင်စွာတက်ရောက်

**မိတ္ထီလာ ဇူလိုင် ၁**

မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းတည်ရှိသော အမြင့်ပေ ၆၀၂၀ ရှိ ဆင်တောင်ပေါ်သို့ ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက အဖွဲ့ဝင် ၈၀ ဖြင့် အောင်မြင်စွာတက်ရောက်ခဲ့ကြောင်း သိရသည်။

"မိတ္ထီလာ ခြေလျင်နဲ့တောင်တက်အသင်းအနေနဲ့ ၂၀၁၉ ခုနှစ် တောင်တက်ရာသီကို အမြင့်ပေ ၆၀၂၀ ရှိတဲ့ ဆင်တောင်ခရီးစဉ်နဲ့ စတင်ခဲ့တာပါ။ အသက်အရွယ် အကြီးဆုံး ၇၁ နှစ်ကနေ အငယ်ဆုံး ၁၅ နှစ်အထိ ပါဝင်တဲ့ တောင်တက်အဖွဲ့ဝင် ၈၀ ဦး စလုံး မြင်းဒိုက်ကျေးရွာကနေ နံနက် ၅ နာရီက စတင်ထွက်ခွာခဲ့ပြီး ဆင်တောင်ထိပ်ပေါ်ကို နံနက် ၁၁ နာရီမှာ အောင်မြင်စွာတက်ရောက်နိုင်ခဲ့ပါတယ်။"

"မြင်းဒိုက်ကျေးရွာ အခြေပြု ဆင်တောင်တက်ခရီးစဉ်မှာ တောင်တက်အဖွဲ့ဝင်များ အဖွဲ့အစည်းလိုက် လုပ်ဆောင်မှုတိုးတက်စေဖို့နဲ့ စည်းကမ်းလိုက်နာမှု အားကောင်းစေဖို့အတွက် အခြေခံစစ်ရေးပြ လေ့ကျင့်ခန်းများကို မိတ္ထီလာခရိုင် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးနေဦးနဲ့ ကြက်ခြေနီ တပ်ဖွဲ့ဝင်များက လေ့ကျင့်သင်ကြားပို့ချပေးခဲ့ပါတယ်" ဟု မိတ္ထီလာခြေလျင်နှင့်တောင်တက်အသင်းမှ ဒေါက်တာမြတ်မင်းက ပြောသည်။

ဆင်တောင်ခရီးစဉ်တွင် ပါဝင်သည့် မိတ္ထီလာခြေလျင်နှင့် တောင်တက်အသင်းဝင်များအနက် မဒွယ်ရေခဲတောင်နှင့် ဖုန်ကန်ရာဇီ ရေခဲတောင်ခရီးစဉ်များကို လိုက်ပါမည့် အဖွဲ့ဝင် ၂၀ လေ့ကျင့်မှုပိုမိုရရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၁ ရက်တွင် မြင်းမထိတောင်ခရီးစဉ်ကို ဆက်လက်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ပျူမြို့တော်များဆီသို့ ပန်းချီပြပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁**

မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ယဉ်ကျေးမှုနှင့် လူငယ်ရေးရာဖောင်ဒေးရှင်းနှင့် ပျူမြို့ဟောင်းများ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်သော ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုခြင်းခံရသည့် ငါးနှစ်ပြည့်အထိမ်းအမှတ်အဖြစ် ပျူမြို့တော်များဆီသို့ ပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လနောက်ဆုံးပတ်က ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

ယဉ်ကျေးမှုနှင့် လူငယ်ရေးရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်ချောခင်ခင်က ပန်းချီပြပွဲကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ယဉ်ကျေးမှုနှင့် လူငယ်ရေးရာဖောင်ဒေးရှင်း၏ နာယက မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ပျူမြို့တော်များဆီသို့ ပန်းချီပြပွဲတွင် ပါဝင်ကူညီပံ့ပိုးပေးသော ပန်းချီပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ နာယကကြီး ဒေါက်တာချစ်က ပေးအပ်ရာ ပန်းချီပညာရှင်များကိုယ်စား ပန်းချီပြပွဲအဖွဲ့ ခေါင်းဆောင် ပန်းချီပညာရှင် ကထိက ဦးမြင့်ဦးက လက်ခံရယူသည်။

ယင်းနောက် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ နာယကကြီးများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များက ပန်းချီပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပန်းချီပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်ကြသည့် ဦးမာလာ၊ ဦးဇော်ဝင်း(သစ်ထွင်း)၊ ဦးမြင့်ဦး၊ ဦးအောင်သင်းဦး၊ ဒေါက်တာတင်ဌေးအောင်၊ ဦးဇော်ဝင်းဖေ၊ ဦးခင်မောင်စန်း၊ ဦးခင်မောင်မြင့်၊ ဦးမင်းဇော်၊ ဦးအောင်မိုးညိုထူး၊ ဦးအောင်မျိုးမြင့်၊ ဦးဌေးလွင်ဦး၊ ဦးမြတ်မင်းထွေးတို့ ရေးဆွဲထားသော ပန်းချီကားပေါင်း ၇၀ ကို ပြသထားသည်။ **သတင်းစဉ်**

## မြန်မာအမျိုးသမီးများနေ့အကြို အခမ်းအနားများကျင်းပ

**မကွေး**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက မကွေးမြို့ အမှတ် (၄) အခြေခံပညာ အထက်တန်း ကျောင်းဝင်း၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အမှတ် (၄) အထကမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပိတောက်၊ တမာ၊ မည်စည်၊ ယင်းမာ၊ သရက် စသည့်ပျိုးပင်ပေါင်း ၂၂ စုပေါင်း စိုက်ပျိုးခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

**ဝမ်းတွင်း**

မြန်မာအမျိုးသမီးများနေ့အကြို အသိပညာပေးဟောပြောပွဲကို မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွာရှည်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း၌ ဇွန် ၃၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

မြို့နယ် အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင် ဒေါ်ခင်လေးခိုင်ကမြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယရဲအုပ်ကျော်စွာလင်းက သက်ငယ်မုဒိမ်းမှုအကြောင်း၊ မြို့နယ်တွဲဖက်ဥပဒေအရာရှိ ဒေါ်ဝေမာလင်းက အမျိုးသမီးများနှင့်ပတ်သက်သော ဥပဒေပြဋ္ဌာန်းချက်များ၊ မြို့နယ်အမျိုးသမီးရေးရာကော်မတီ ဒေါ်မေသက်ပိုက ကျား၊ မအခြေပြုအကြမ်းဖက်မှုအကြောင်း အသိပညာပေးဟောပြောခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

**ကျိုက်မရော**

မြန်မာနိုင်ငံ အမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စိတ်ကြိုက်ပန်းချီဆွဲပြိုင်ပွဲကို ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက ကျိုက်မရောမြို့နယ် လူထုအခြေပြုဗဟိုဌာနရှိ ကလေးများစာဖတ်ခန်း၌ ကျင်းပသည်။

အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ကိုးဦးတို့က ဂုဏ်ပြုထိုက်သူ အမျိုးသမီးများခေါင်းစဉ်ဖြင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

**မတ္တရာ**

မြန်မာအမျိုးသမီးများနေ့အကြို အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက မတ္တရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အမှာစကားပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က အမျိုးသမီးများရင်ဆိုင်နေရသော အခက်အခဲများ၊မြို့နယ် မြန်မာနိုင်ငံရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သွယ်သွယ်ဦးက ရင်ခွင်မဲ့ကလေးများ လျှော့ချဆောင်ရွက်ရေး၊ မြို့နယ် အမျိုးသမီးရေးရာကော်မတီအဖွဲ့ဝင် ဒေါ်နှင်းစန္ဒာအေးက အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**

**ခင်ဦး**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အကြို စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက ခင်ဦးမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၈ ဦးတို့က 'အမျိုးသမီးကောင်းတို့၏ ဂုဏ်သိက္ခာ' ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးသား ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **စိုးဝေအောင်(ခင်ဦး)**

**ဒီးမော့ဆို**

မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်များကို ဖော်ညွှန်းထားသော ကဗျာရွတ်ဆိုပြိုင်ပွဲကို ဇူလိုင်၁ ရက် နံနက် ၉ နာရီက ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မူလတန်းဆင့် ကျောင်းသားကျောင်းသူ ၁၀ ဦး၊ အလယ်တန်းဆင့် ကျောင်းသား ကျောင်းသူ ၁၄ ဦးတို့က မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်များကို ဖော်ညွှန်းထားသော ကဗျာများဖြင့် ဝင်ရောက် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **ရီရယ်(ဒီးမော့ဆို)**

**ရှမ်းရွာသစ်**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အရုပ်ဆက်ပြိုင်ပွဲကို ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ကလေးစာဖတ်ခန်း၌ ဇူလိုင် ၁ ရက် ညနေ ၂ နာရီက ကျင်းပသည်။

ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၈ ဦးနှင့် အရုပ်ဆက်ပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝေဠု (ပြန်/ဆက်)**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို မြို့မြေငှားဂရန်ပေးအပ်ပွဲတက်ရောက်

**ဖားဆောင်း ဇူလိုင် ၁**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်တွင် မြို့မြေငှားဂရန်ပေးအပ်ပွဲနှင့် လူထုတွေ့ဆုံပွဲကို ဇွန် ၂၉ ရက်က ဖားစည်သံလွင်ခန်းမ၌ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မိမိတို့အစိုးရ တာဝန်ယူစဉ်မှစ၍ ဖားဆောင်းမြို့နယ်ရှိ မြို့မြေငှားဂရန်နှင့် ကျေးရွာမြေငှားဂရမ် ၇၃ တွဲကို ပထမအကြိမ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုဒုတိယအကြိမ် မြို့ပေါ်ရပ်ကွက်နှစ်ရပ်ကွက်ရှိ ပြည်သူ ၁၂၁ ဦးတို့ကို မြေငှားဂရန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်လျှောက်ထားဆဲ မြို့မြေငှားဂရန်များကိုလည်း စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ယခုကဲ့သို့ မြေငှားဂရန်ထုတ်ပေးခြင်းကြောင့် ပိုင်ဆိုင်မှုအရ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပြည်သူများကလည်း စိတ်ချမ်းသာစွာနေထိုင်နိုင်ပြီး စိတ်ပိုင်းဆိုင်ရာလုံခြုံမှုများကိုလည်း ပိုမိုရရှိကာ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သော အခွန်ငွေများရရှိလာပြီး ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြေငှားဂရန်လျှောက်ထားသည့် ပြည်သူများအား မြို့မြေငှားဂရန်များ အသီးသီးပေးအပ်ခဲ့ကြသည်။

**နန်းသဲနုအောင်(ဖားဆောင်း)**

## ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံးဖွင့်ပွဲတက်ရောက်

**ပုသိမ် ဇူလိုင် ၁**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ရုံး ဆိုင်းဘုတ်တင်ခြင်းနှင့် ရုံးခန်းဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ကျင်းပသည်။

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ဥပဒေဆိုင်ရာအထောက်အကူပေးသည်ဆိုရာတွင် ဥပဒေဆိုင်ရာ အထောက်အကူတောင်းခံခွင့်ရှိသူများအား ဤဥပဒေနှင့်အညီ ရှေ့နေငှားရမ်းပေးခြင်း၊ ဥပဒေဆိုင်ရာအသိပညာပေးခြင်း၊ အကြံပေးခြင်း၊အကူအညီပေးခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းတို့ဖြစ်ကြောင်း၊ အထောက်အကူပေးရေးဥပဒေ၏ ရည်ရွယ်ချက်များမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့် တန်းတူညီမျှမှု အခွင့်အရေးရရှိစေရန်၊ ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့်ဥပဒေဆိုင်ရာအထောက်အကူရရှိစေရန်၊ ပြစ်မှုဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့် တရားဥပဒေအပေါ် ယုံကြည်မှုပိုမိုမြင့်မားလာစေရန်၊ မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဆိုသည့် အလွန်မွန်မြတ်သောရည်ရွယ်ချက်များ ချမှတ်ပေးသည့် ဥပဒေဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်ဇော်နှင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းထွန်းတို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

### တိုတိုထွာထွာဖတ်စရာ

#### FDA အသိအမှတ်ပြု စားသုံးဆီအရောင်းဆိုင်ဖွင့်

**ကျောက်ပန်းတောင်း**

FDA အသိအမှတ်ပြု စားသုံးဆီလုပ်ငန်းနှင့် အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက ကျောက်ပန်းတောင်းမြို့ မြို့မကွက်သစ်ရပ်ကွက်ရှိ ငြိမ်းချမ်းသူစားသုံးဆီအရောင်းဆိုင်ရှေ့၌ ကျင်းပရာ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် (FDA) လက်မှတ်ကို ငြိမ်းချမ်းသူ မြေပဲဆီသန့်ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းက ပထမဆုံးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

#### သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြော

**ခရမ်း**

သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲနှင့် ပိုးလောက်လမ်းစားငါးနှင့် အလှမွေးငါးများ ပေးအပ်ပွဲကို ဇွန် ၂၉ ရက် နံနက် ၁၀ နာရီက ခရမ်းမြို့အမှတ် (၇ )ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

#### ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ကသာခရိုင် အား/ကာ ကော်မတီဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇွန် ၂၈ ရက် ညနေ ၃ နာရီက ကသာမြို့မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် အင်းတော်မြို့နယ်အသင်းနှင့် ဝန်းသိုမြို့နယ် အသင်းတို့ယှဉ်ပြိုင်ရာ အင်းတော်မြို့နယ်အသင်းကအနိုင်ရ ဗိုလ်စွဲသွားသည်။ ကသာခရိုင်အတွင်းရှိ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ထီးချိုင့်၊ အင်းတော်၊ ဗန်းမောက်မြို့နယ်များမှ ဖူဆယ်ဘောလုံးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **လူအောင်(ကသာ)**

#### သစ်ပင်စိုက်ပျိုးပွဲ နောင်ကော်ကြီးကျေးရွာ၌ ကျင်းပ

**သီပေါ**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နမ့်ဂျမ်းကျေးရွာအုပ်စု နောင်ကော်ကြီးကျေးရွာ သဘာဝရေကန် ဝန်းကျင်တွင် ဇွန် ၃၀ ရက် နံနက်က ကျင်းပသည်။

အဆိုပါ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်း၊ စိန်ပန်း၊ ယမနေ၊ ထောပတ်၊ ဝါး၊ သရက်၊ ရေသင်းဝင်စသည့် ပျိုးပင်ပေါင်း ၁၁၅၀ ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစမ်းစမ်းအေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးခင်မောင်ဝင်းနှင့် သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

## သဘာဝဘေး ကြိုတင်ကာကွယ်ရေး ပြင်ဆင်မှုများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**မုံရွာ ဇူလိုင် ၁**

သဘာဝဘေးကို တားဆီး၍မရသော်လည်း နည်းအောင်လျှော့ချနိုင်ရန်အတွက် ကြိုတင်ကာကွယ်ရေးပြင်ဆင်မှုများကို နိုင်ငံတော်အစိုးရနဲ့ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမင်းစမ်းအေးက တိုက်တွန်းထားသည်။

"လျှင်မလှုပ်ခင် လျှင်လှုပ်နေတုန်းနဲ့ လျှင်လှုပ်ပြီးတဲ့နောက် ဆောင်ရွက်ရမယ့်အချက်တွေကို လိုက်နာပြီး လျှင်လှုပ်တာနဲ့အတူ ဖြစ်ပွားနိုင်တဲ့ မီးလောင်တာတွေကို ဂရုစိုက်ပြီး လက်ဦးမှုရယူ ငြှိမ်းသတ်တာ မီးသတ်တပ်ဖွဲ့နဲ့ပူးပေါင်းဆောင်ရွက်တာတွေ လုပ်ပေးကြပါ။ သဘာဝဘေးကို တားဆီး၍ မရသော်လည်း နည်းပါးအောင် လျှော့ချနိုင်ဖို့အတွက် ကြိုတင်ကာကွယ်တာ၊ ပြင်ဆင်တာတွေကို နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ဦးမင်းစမ်းအေးက ပြောသည်။



တိုင်းဒေသကြီး ရွှေဘိုခရိုင်သည် စစ်ကိုင်းပြတ်ရွေ့အတွင်း ကျရောက်ပြီး လျှင်ဘေးအန္တရာယ်ကျရောက်ခဲ့ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ စွမ်းအားပြည့်ဆောင်ရွက်နိုင်ရန် ပိုလန်နိုင်ငံမှ Heavy Rescue & Lifting 44 ton ယာဉ်ကို ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

လျှင်မလှုပ်မီ ကြိုပြင်ရမည်များကို သိရှိထားကြရန် အထူးလိုအပ်ပြီး နည်းလမ်းကျသောကြိုတင်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများဖြင့်သာ လျှင်ကြောင့်ဖြစ်သော ပျက်စီးဆုံးရှုံးမှုများ လျော့နည်းနိုင်စေကာ အသက်များနှင့် ဥစ္စာပစ္စည်းများ ကယ်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

**ပွင့်ဖြူ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပသည်။

ပွင့်ဖြူမြို့နယ် လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်စန်းမြင့်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးအတွက် ကြိုတင်၍ လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုနိုင်ရေး သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးကျော်က လူဦးရေစာရင်းများကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးရုံးမှ ဒုလဝကမှူး ဦးမျိုးမြင့်အောင်က စံနှုန်းသတ်မှတ်ခြင်းများ၊ ယာယီအိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးစီးအရာရှိ ဒေါ်သဉ္ဇာစိုးက လူဦးရေစာရင်းအချက်အလက်များကောက်ယူပြုစုရမည့်ပုံစံများ၊ အခြေခံမဲဆန္ဒရှင်စာရင်းကပ်ထားကြေညာခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ရွေးကောက်ပွဲအတွက် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူရေးလုပ်ငန်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုထားရှိရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**


PARADISO
CINEMAS
ကျေးဇူးတင်ဂုဏ်ပြုလွှာ
ပါရာဒီဆိုရုပ်ရှင်ချစ်ပရိသတ်များအတွက်
မန္တလေးတိုင်းတွင် ပြည်ကြီးတံခွန်နှင့် အောင်မြေသာစံ၊
ပဲခူးတိုင်းတွင် ပဲခူး နှင့် ဒိုက်ဦးမြို့များ၌
အဆင့်မြင့် 3Dရုပ်ရှင်ရုံ (၄)ရုံဖွင့်လှစ်နိုင်ရေးအတွက် အဘက်ဘက်မှ
ဝိုင်းဝန်းကူညီပေးကြသော ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။
ပါရာဒီဆိုရုပ်ရှင်ရုံအုပ်စု
ပြည်ကြီးတံခွန် (၆၂လမ်း)
အောင်မြေသာစံ (၂၆သီလမ်း)
BAGO PARADISO CINEMA
ပဲခူး
ဒိုက်ဦး
ဘဝအမောတွေပြေစေဖို့ ပါရာဒီဆိုမှာ ရုပ်ရှင်ကြည့်ကြစို့
အမှတ်(၂၀)၊ ပုလဲလမ်း၊ ရွှေတောင်ကြားရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ။ ၀၁-၅၅၄၀၈၇

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၅) ကြိမ်မြောက် ကျပ်၁၀၀၀တန်ထီပေါက်စဉ် ၂၀၁၉ ခုနှစ်၊ ဇူလိုင် လ (၁) ရက်နေ့ အခမဲ့ထုတ်ဝေသည်

## အထူးဆုကြီး ကျပ်သိန်း (၁၅၀၀၀) ဆု
င - ၉၂၈၁၇၇

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု
ကခ - ၆၈၇၉၈၄

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ
ခ - ၂၄၅၈၀၀　　ဈ - ၃၀၁၉၇၉

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၂၀၀၀)ဆုများ
ပ - ၁၈၁၂၄၄
ခ - ၃၅၉၁၉၁
ဍ - ၅၃၂၀၉၂
ယ - ၇၃၀၅၅၇

မဲနှိုက်ရာ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနံပါတ်များ တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀၀၀)ဆု ( ၁ ) ဆု
ဋ - ၉၅၀၂၆၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ
| | | | |
|---|---|---|---|
| ဍ | ၄၁၁၉၆၇ | ကက | ၅၅၁၃၀၀ |
| ကဆ | ၅၀၈၁၂၆ | တ | ၆၀၄၂၇၇ |
| မ | ၅၀၉၂၄၈ | မ | ၆၆၁၄၇၆ |
| ရ | ၅၅၁၂၇၅ | တ | ၇၆၅၃၈၃ |

မဲနှိုက်ရာ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနံပါတ်များ တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၁၀၀၀)ဆု ( ၁ ) ဆု
ဆ - ၉၇၉၀၀၇

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ
| | | | |
|---|---|---|---|
| ဟ | ၁၀၈၁၃၅ | လ | ၆၇၀၅၁၂ |
| ခ | ၄၄၉၃၈၇ | ဍ | ၇၅၁၀၄၁ |
| ဈ | ၅၁၇၂၁၀ | ထ | ၉၃၃၁၀၈ |
| ဆ | ၅၇၃၃၄၂ | ဏ | ၉၄၉၉၄၃ |
| တ | ၆၅၇၃၈၃ | ကက | ၉၈၀၃၀၀ |
| ဈ | ၆၆၉၄၉၀ | ကဆ | ၉၉၃၅၅၂ |

မဲနှိုက်ရာ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနံပါတ်များ တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀၀)ဆု ( ၁ ) ဆု
ဂ - ၁၆၀၂၆၀

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀၀)ဆုများ
| | | | | | |
|---|---|---|---|---|---|
| ရ | ၁၁၂၅၅၇ | ကခ | ၃၈၅၂၇၃ | ယ | ၅၂၃၃၃၅ |
| ဓ | ၁၄၈၉၉၈ | ဍ | ၃၉၂၀၃၆ | ကစ | ၅၃၂၇၅၉ |
| ဈ | ၂၃၂၀၉၈ | စ | ၄၂၀၇၉၇ | ကင | ၅၈၄၄၅၈ |
| အ | ၂၄၄၉၀၇ | ယ | ၄၅၃၃၀၇ | ဋ | ၇၁၁၂၅၁ |
| ဘ | ၂၅၇၃၇၀ | ဋ | ၄၇၈၈၈၃ | သ | ၇၉၉၃၇၀ |
| ဏ | ၃၀၃၉၃၉ | ကဂ | ၅၀၈၆၇၈ | ဟ | ၈၅၁၂၆၀ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ
| | | | | | |
|---|---|---|---|---|---|
| ဏ | ၁၁၄၉၇၀ | ဆ | ၅၂၃၆၀၉ | ခ | ၈၄၄၀၅၄ |
| ဇ | ၁၄၂၅၇၆ | ဟ | ၅၅၈၆၄၄ | ကင | ၈၆၆၅၈၆ |
| ယ | ၁၇၀၄၂၀ | ဖ | ၅၈၂၀၇၇ | ဓ | ၈၇၈၇၀၄ |
| သ | ၃၃၇၆၈၃ | ဝ | ၅၈၉၉၄၇ | ည | ၈၉၂၇၁၃ |
| ဏ | ၃၇၇၈၇၃ | မ | ၆၁၅၂၄၆ | ကဆ | ၉၂၉၆၈၉ |
| လ | ၄၅၆၂၀၆ | သ | ၆၅၀၄၈၇ | ည | ၉၂၉၈၈၂ |
| က | ၄၈၀၀၀၅ | ကခ | ၆၇၃၈၀၂ | | |
| လ | ၅၀၃၄၈၇ | ပ | ၇၂၅၄၃၀ | | |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ
| | | | | | | | |
|---|---|---|---|---|---|---|---|
| ဒ | ၂၇၈၅၅၂ | ဝ | ၄၈၀၈၁၉ | လ | ၆၉၁၅၃၃ | လ | ၈၁၀၃၄၃ |
| ယ | ၃၄၀၆၈၀ | န | ၄၈၄၇၄၉ | ဝ | ၆၉၇၄၀၃ | ကဆ | ၈၇၈၈၁၀ |
| ဆ | ၃၄၃၆၅၉ | ဍ | ၅၅၁၄၀၇ | ပ | ၇၁၃၁၇၄ | အ | ၈၉၉၂၃၄ |
| ဗ | ၃၈၉၇၄၈ | ယ | ၆၃၉၇၆၄ | ဋ | ၇၁၃၈၃၆ | ဎ | ၉၈၀၆၆၀ |
| မ | ၄၀၆၂၂၄ | ဍ | ၆၆၄၅၄၆ | ဏ | ၇၃၁၄၄၄ | | |
| စ | ၄၇၁၂၅၈ | ဗ | ၆၆၇၄၄၄ | ကစ | ၇၆၃၀၃၀ | | |

မဲနှိုက်ရာ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနံပါတ်များ တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၅၀) ဆု ( ၁ ) ဆု
ယ - ၁၃၇၀၀၀

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၂၀)ဆုများ
| | | | | | | | |
|---|---|---|---|---|---|---|---|
| ပ | ၁၄၇၂၅၀ | ဗ | ၅၁၆၆၀၁ | အ | ၆၂၅၇၃၆ | ထ | ၈၃၉၆၅၈ |
| ကစ | ၁၈၄၁၉၁ | ကဃ | ၅၆၅၀၀၁ | ဆ | ၆၅၈၁၆၂ | လ | ၉၃၈၁၄၇ |
| ယ | ၂၂၇၃၇၇ | ဘ | ၅၆၇၅၇၂ | ကင | ၆၆၆၂၃၆ | မ | ၉၄၄၁၀၆ |
| ည | ၂၃၀၂၀၇ | ဋ | ၅၈၁၆၀၁ | ဖ | ၆၇၈၁၆၈ | ကဂ | ၉၄၈၀၀၅ |
| ကခ | ၂၈၈၈၈၇ | သ | ၅၈၆၄၅၈ | ကခ | ၇၆၁၈၃၆ | ဟ | ၉၇၂၃၅၁ |
| ဘ | ၄၈၄၇၆၁ | ဒ | ၅၉၀၉၉၆ | ကက | ၈၀၉၅၂၁ | | |

မဲနှိုက်ရာ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲနံပါတ်များ တန်ဖိုးအား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ် သိန်း (၂၀) ဆု ( ၂ ) ဆု
တ - ၇၁၆၈၆၁
ဂ - ၈၈၄၂၈၇

## ဆုတစ်ဆုစျင်း ကျပ်(၁၀)သိန်းဆုများ
| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟ | ၁၁၃၇၀၆ | န | ၂၉၅၈၃၁ | ည | ၆၃၄၄၆၃ | ယ | ၇၇၄၈၃၆ | က | ၈၆၄၁၈၀ |
| ဘ | ၁၃၇၃၃၈ | ဎ | ၃၂၉၆၂၀ | ဏ | ၆၃၉၀၇၀ | စ | ၈၁၈၈၈၇ | ကဃ | ၉၀၈၈၅၄ |
| က | ၁၈၄၇၇၉ | ဟ | ၃၉၆၄၂၂ | ဆ | ၆၉၆၂၇၀ | စ | ၈၃၅၇၈၅ | ဖ | ၉၇၁၄၄၂ |
| ဖ | ၁၈၇၉၂၂ | ကခ | ၅၀၉၉၇၇ | ကဂ | ၇၄၄၅၄၉ | ကစ | ၈၅၄၇၈၉ | ကစ | ၉၉၉၁၇၄ |
| ခ | ၂၅၅၃၇၆ | ည | ၅၈၈၈၂၆ | ဒ | ၇၅၅၀၅၁ | ကခ | ၈၅၅၁၇၃ | | |

## ဆုတစ်ဆုချင်း ကျပ်(၅)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဟ - ၁၀၅၅၇၀ | မ - ၄၁၁၂၃၂ | ကဃ - ၆၀၄၅၈၂ | ကင - ၈၄၉၃၇၅ | ထ - ၉၈၅၃၉၉ |
| ဖ - ၁၂၃၄၅၅ | ကက - ၄၉၃၇၀၉ | သ - ၆၅၂၈၉၀ | ဟ - ၈၇၂၀၃၀ | တ - ၉၉၆၈၇၄ |
| ဋ - ၁၆၉၉၆၂ | ဌ - ၅၀၁၇၂၂ | ည - ၇၀၉၁၀၂ | တ - ၈၉၁၇၀၂ | |
| ဌ - ၂၁၂၉၃၃ | ကင - ၅၀၂၅၃၀ | ဟ - ၇၄၃၅၇၀ | ရ - ၉၂၆၀၂၃ | |
| ရ - ၃၂၂၂၂၆ | ဝ - ၆၀၄၂၆၅ | ဟ - ၇၉၉၁၆၇ | ဝ - ၉၅၆၆၈၅ | |
| ဇ - ၃၂၈၆၀၄ | ဍ - ၆၀၈၈၅၀ | ဒ - ၈၁၀၄၅၉ | အ - ၉၆၅၇၅၃ | |

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုးအား ပြန်လည်အစားထိုး လှန်ပေးသည့် ကျပ်(၅)သိန်း ဆု (၁) ဆု

ဇ - ၄၉၄၃၆၀

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | |
|---|---|---|
| စ - ၁၁၈၆၂ | ဆ - ၅၈၇၅၅ | ဂ - ၈၄၈၆၅ |
| မ - ၁၉၀၁၀ | ဠ - ၆၆၃၁၄ | ဃ - ၈၆၄၀၈ |
| ထ - ၂၂၃၂၆ | ကစ - ၆၆၉၅၉ | ည - ၈၈၉၉၅ |
| ကဂ - ၂၅၀၉၆ | ဝ - ၈၂၃၅၀ | ဟ - ၉၃၀၆၀ |
| ဘ - ၄၉၄၇၀ | ကစ - ၈၄၆၃၆ | င - ၉၃၃၄၉ |

အထွေရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | |
|---|---|---|
| ဈ - ၁၃၇၆ | ထ - ၃၄၃၇ | န - ၆၆၈၂ |
| ခ - ၂၃၇၀ | ပ - ၃၇၁၆ | ဝ - ၆၈၉၂ |
| စ - ၂၄၃၇ | မ - ၄၁၃၇ | ဍ - ၆၉၄၈ |
| ကဆ - ၂၅၄၆ | ဘ - ၅၅၈၅ | ဝ - ၉၁၃၉ |
| ဠ - ၂၉၂၅ | ည - ၅၈၇၀ | င - ၉၉၉၄ |

အထွေရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | |
|---|---|---|
| င - ၁၄၂ | ရွ - ၄၁၄ | ကခ - ၈၇၂ |
| ဏ - ၁၆၉ | ထ - ၄၄၇ | ရ - ၈၇၆ |
| ဘ - ၂၀၈ | လ - ၅၀၂ | ဗ - ၈၇၇ |
| ဍ - ၂၉၆ | ထ - ၅၁၃ | ဂ - ၈၈၅ |
| အ - ၃၁၂ | ဝ - ၇၁၄ | ခ - ၉၄၀ |
| ဇ - ၄၀၂ | ယ - ၈၂၉ | ကဂ - ၉၉၇ |

အထွေရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | |
|---|---|---|
| ဏ - ၁၇ | ကက - ၅၀ | ဂ - ၇၂ |
| ကဃ - ၁၈ | ကစ - ၅၂ | ဆ - ၇၃ |
| ဂ - ၁၉ | ကခ - ၅၃ | မ - ၇၈ |
| ပ - ၃၂ | ရွ - ၆၂ | ဇ - ၇၈ |
| ကင - ၄၃ | ယ - ၆၆ | ဝ - ၈၄ |
| ဌ - ၄၇ | စ - ၇၀ | ကဂ - ၈၄ |
| စ - ၄၈ | ည - ၇၀ | |

အထွေရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်း ရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သော ဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဏ - ၁၅၅၅၅၉ | ဏ - ၆၄၄၅၀၇ | ဇ - ၇၉၆၆၄၄ | ည - ၉၅၆၃၇၁

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ကက - ၁၉၇၇၈ | ဏ - ၈၀၄၅၁

အထွေရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

မ - ၆၂၆၉

ပ - ၉၆၆၂

အထွေရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဖ - ၁၇၃

ဇ - ၃၅၄

အထွေရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၁၉ခုနှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၅) ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ (၂၀၄၉၄၇) ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။


၂။ ၂၀၁၉ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆) ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေ ထီလက်မှတ်များကို (က)အက္ခရာမှ (အ) အက္ခရာထိ အက္ခရာ (၃၃)လုံး၊ (ကက)အက္ခရာမှ (ကဂ) အက္ခရာထိ အက္ခရာ (၃)လုံး စုစုပေါင်း အက္ခရာ (၃၆)လုံး ခွဲဝေရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ ယခု (၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို (၂.၇.၂၀၁၉) ရက်နေ့မှစတင်၍နေ့ချင်းပြီး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို (၁၁.၇.၂၀၁၉) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေထီလက်မှတ်ဆိုင်ရာများ www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

SAMSUNG



QLED 8K
LAUNCH PROMOTION
10th June - 10th July, 2019

Samsung တီဗွီများ ဝယ်ယူပြီး ငွေသားလက်ဆောင်နှင့် တီဗွီလက်ဆောင်များ ရယူလိုက်ပါ။

ငွေသားလက်ဆောင်ဖြင့်လည်းပေးအပ်မည့် Promotion အစီအစဉ်

| Model အမျိုးအစားများ | ငွေသားလက်ဆောင်များ |
|---|---|
| UA32N4003AKXXT | ငွေသားလက်ဆောင် ၂၂,၀၀၀ ကျပ် |
| UA43N5003AKXXT UA43RU7100KXMR | ငွေသားလက်ဆောင် ၄၄,၀၀၀ ကျပ် |
| UA50RU7100KXMR | ငွေသားလက်ဆောင် ၅၀,၀၀၀ ကျပ် |
| UA49RU7300KXMR | ငွေသားလက်ဆောင် ၆၆,၀၀၀ ကျပ် |
| UA55RU7100KXMR | ငွေသားလက်ဆောင် ၈၀,၀၀၀ ကျပ် |
| UA55RU7300KXMR | ငွေသားလက်ဆောင် ၁၂၀,၀၀၀ ကျပ် |
| UA55RU7400KXMR | ငွေသားလက်ဆောင် ၁၃၀,၀၀၀ ကျပ် |

တီဗွီတစ်လုံးဝယ်တစ်လုံးလက်ဆောင် Promotion အစီအစဉ်

| Model အမျိုးအစားများ | တီဗွီလက်ဆောင်များ |
|---|---|
| UA65RU7100KXMR UA65RU7400KXMR QA55Q60RAKXMR | 32" HD TV (တစ်လုံး) |
| QA65Q60RAKXMR | 43" FHD TV (တစ်လုံး) |
| QA75Q60RAKXMR | 43" UHD TV (တစ်လုံး) |
| QA82Q60RAKXMR | 50" UHD TV (တစ်လုံး) |
| QA65Q900RBKXXT | 55" QLED TV (တစ်လုံး) |
| QA75Q900RBKXXT | 65" QLED TV (တစ်လုံး) |
| QA82Q900RBKXXT | 75" QLED TV (တစ်လုံး) |

samsung myanmar · samsungmyanmar · samsung.com/mm · samsungmembers

၂၀၁၉-ခုနှစ် မေးခွန်းပုံစံသစ်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြင်ဆင်ဖြည့်စွက် ရေးသားထားသော

ပါမောက္ခ ဒေါက်တာခင်ဆန်းဦး၏ တက္ကသိုလ်ဝင်တန်း မြန်မာစာ စာအုပ်များ



မြန်မာသဒ္ဒါလေ့ကျင့်ခန်းများ
အလင်္ကာနှင့် အဆိုဆွေးနွေးခြင်း
ရေးသည်ပြဇာတ် ဇာတ်ဆောင်
မြန်မာစာလမ်းညွှန်
ထွက်နေပါပြီ။
အမြို့မြို့ဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ဆက်သွယ်မှာကြားရန်
ဂုဏ်ထူးမော်ကွန်းစာပေ
အမှတ်(၃၅၉)၊ ပထမထပ်၊
ဗိုလ်အောင်ကျော်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉ ၂၅၃ ၅၃၇ ၁၃၆
၀၉ ၇၃၀ ၃၀၂၂၉
၀၉ ၄၃၁ ၄၁၂၂၉

ဂရန်း(ဒ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံကြီး Grand Opening အထူးအစီအစဉ်

GRAND HANTHA INTERNATIONAL HOSPITAL

ဇူလိုင် (၇) ရက်၊ ၂၀၁၉ တစ်ရက်တည်းသာ

(၁) ခုဝယ်လျှင်
(၂) ခုလက်ဆောင်



Member Card တစ်ကတ်လျှင် ကျပ် (၂၃) သိန်းမှ (၃၃) သိန်းကျော်တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးမှု အစီအစဉ်လက်ဆောင်များ ပါဝင်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ 01 231 7617, 01 523 000, 01 523 111

မန္တလာသား
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ရန်ကုန်မြို့တွင်း/နယ်ဝေး အကောင်းဆုံး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-770639155
09-770639166

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
0940150559

မိဘမေတ္တာ
အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
(မြို့တွင်း/နယ်ဝေး)
09-250937816
09-454899971

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

မဟာရန်ကုန်
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

EAZY DRIVE
(အမျိုးသမီးသီးသန့်)
(ကားမောင်းအမြန်ရက်တိုသင်တန်း)
ရန်ကုန်မြို့ထဲ လမ်းများပေါ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ပြီး ကိုယ်တိုင် ကျွမ်းကျင်ပိုင်နိုင်စွာမောင်းနိုင်ရန်နှင့် ကားပါကင် အမြန်ထိုးနိုင်အောင် တစ်ဦးချင်း သီးသန့် သင်ပေးသည်။ ဖုန်း-၀၉-၂၆၄၈၀၇၆၉၉

မီးသတိပြု

သာလွန်ကျော်
အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းလေးမြို့နယ်ရှိ မြေကွက်များ ဝယ်လိုသည်။
09-420780797
09-447755486

သက်ရှည်ကျန်းမာ စိတ်ချမ်းသာ အနှိုင်းမဲ့ကို ဆောင်ထားပါ။



အနှိုင်းမဲ့
ဆီးချိုကျဆေး အာရုံကြောအားဆေး ဆီးဝမ်းလေမှန်ဆေး ၅ - လိမ်းဆေး

ရောစ်ခြည်သစ်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့် လုပ်သားအပြီးအစီး မြို့တွင်း/နယ်ဝေး ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

SEVEN
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်)
အိမ်အရောက် ငွေပေးချေသည်။
09 - 33 333 511
09 - 33 333 514
09 - 33 333 644

မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက် ဈေးနှုန်းချိုသာစွာဖြင့် Box ကားများဖြင့် အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ခင်ဝင်း (ဖျာပုံ)

**အသက်(၈၂)နှစ်**

**စာရေးဆရာမကြီး ဒေါ်ကလျာ**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဦးအောင်မြတ်လမ်း၊ အမှတ်(၁၆)၊ ပထမထပ်နေ ဦးမောင်ထင်-ဒေါ်ရွှေတို့၏ သမီး၊ (ဒေါ်ခင်ခင်လှ)၏ ညီမ၊ ကာတွန်း ဦးစိန်ကြီး၏ ဇနီး၊ ဦးအောင်နိုင်နိုင်-ဒေါ်ကြည်ကြည်စိန်၊ ဦးအောင်ဇော်ဇော်-ဒေါ်တင်မိမိမြိုင်၊ (ကိုအောင်ထက်ထက်)တို့၏ မိခင်၊ မရွှန်းရူပါ၊ မောင်နိုင်နန္ဒအောင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်ခင်ဝင်းသည် ၁-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်းမြင့် (B.A, B.Ed)

**အလယ်တန်းပြ-ငြိမ်း၊ အ.လ.က(၁) တောင်ဥက္ကလာပ**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၇၇၅)နေ [ဦးတင်မောင်(ခရိုင်ရဲဝန်-ငြိမ်း)-ဒေါ်မြသင်]တို့၏သမီး၊(ဦးအောင်မြင့်ထွန်း)၊ Professor ဦးအောင်ရဲဦး(နှလုံးနှင့်သွေးကြောခွဲစိတ်ဆရာဝန်ကြီး၊ ခေတ္တ-UK)၊ ဦးရဲညွန့်ထွန်း (Tech Superintendent,RTS/RSM Singapore)၊ ဒေါ်ပွင့်မာထွန်း (ခေတ္တ-Singapore)-ဦးစိုးညွန့်အောင်(ခေတ္တ-Singapore)၊ ဒေါ်မြမန်းမောင်မောင် (Area Manager, City Mart Holding Co.,Ltd)-ဦးကျော်ထွန်းမင်း၊ ဒေါ်အိအိခင်-ဦးခင်သက်(ခေတ္တ-မလေးရှား)၊ [ဒေါ်ချိုဇင်အိ(လ/ထညွှန်ကြားရေးမှူး၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး)]၊ ဦးဝင်းသန့်မောင်မောင်(ခေတ္တ-USA)-ဒေါ်ကျော်နှင်းထွေး(ခေတ္တ-USA)၊ ဒေါ်ခိုင်ဇင်သွယ်(ခေတ္တ-UK)၊ ဒေါ်သင်းအေးမောင်မောင်(Chairman-MPS Group of Companies)၊ ဦးမြတ်စိုးခိုင်(ခေတ္တ-UK)၊ ဦးလှမျိုးသိန်းထွန်း(MPS Co.,Ltd)-ဒေါ်ယဉ်ယဉ်ဝင်း(ရေကြောင်းဦးစီးဌာန)၊ [ဒုတိယဗိုလ်မှူးကြီးသူရဇော်မျိုး (DSA-41)]-ဒေါ်နွဲ့ရီဝင်းတို့၏အဒေါ်/ကြီးတော်သည် ၂၉-၆-၂၀၁၉ (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၅-၇-၂၀၁၉ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဇော်ဝင်း

**အသက် (၇၆) နှစ်**

ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၁)လမ်း၊ အမှတ်(၅)နေ (ဦးညွန့်မောင်-ဒေါ်မြင့်မြင့်)တို့၏သား၊ (ဦးထွန်းရင်-ဒေါ်မြရင်)တို့၏ သားသမက်၊ မောင်အောင်စည်မိုး၏မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်အမာတင်၏ချစ်လှစွာသောခင်ပွန်းသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄ နာ ရီတွင် ကျိုက်စုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးရဲမြင့် (စာရေးဆရာရဲမြင့်-သစ်တော)

**နာယက၊ ခေတ္တရာအသင်း**

**မြန်မာနိုင်ငံသက်ကြီးစာပေပညာရှင်များကန်တော့ခံ**

**ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်းသွယ်၊ အမှတ်(၈၃)နေ ဦးတိုးအောင်မြင့် (အမြဲတမ်းအတွင်းဝန်-ငြိမ်း၊ စီးပွားကူးသန်းဝန်ကြီးဌာန)၊ (အဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)-ဒေါ်မာလာဟန် တို့၏ ဖခင်သည် ၂၉-၆-၂၀၁၉ (စနေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးအောင်နိုင်ဦး-ဒေါ်ဥမ္မာစိုးအောင်**

## ဝမ်းနည်းကြေကွဲခြင်း

## ဦးရဲမြင့်

**ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သစ်တောဦးစီးဌာန**

**အသက် (၈၈) နှစ်**

ဦးရဲမြင့်(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၂၉-၆-၂၀၁၉ ရက်တွင် ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးစန်းလွင်-ဒေါ်အုန်းအုန်းဆွေ မိသားစု**

## ဒေါ်သိန်းရီ

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၁၁) ရပ်ကွက်၊ ဘူတာရုံလမ်း၊ အမှတ်(၁၂၈၀) နေ (ဦးဖိုးနု-ဒေါ်ရွှေညွန့်)တို့၏ သမီး၊ [ဦးသောင်း (EPC-ငြိမ်း)]၏ ဇနီး၊ (ဦးကျော်တင့်)-လက္ခဏာဆရာမကြီး ဒေါ်ချို၊ ဦးကြူးရွှေနှင်း(MSTL)-ဒီဇင်ဘာမီးမီး၊ ဒေါ်တင်တင်ရီ၊ မော်ကြီးဗဟန်း တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နီနီဝင်း(ဟိုတယ်/ခရီး-ငြိမ်း)

**ကမ်းနားဟိုတယ်-အင်းယားကန်ဟိုတယ်**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁၃)နေ (ဦးညီမောင်-ဒေါ်စောညွန့်)တို့၏ သမီးကြီး၊ (ဦးဘိုးအိုင်-ဒေါ်သိန်းရွှေ)တို့၏ သမီးချွေးမ၊ [ဦးဘငြိမ်း (ဟိုတယ်/ခရီး-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ ဒေါ်သင်းသင်းငြိမ်း၊ ဒေါ်ဇင်မာငြိမ်း၊ ဦးငြိမ်းဝင်း-ဒေါ်စန္ဒာပပဝင်း၊ ဦးကျော်ဇေယျာဝေ-မစိမ်းလဲ့ဝင်းတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၁-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အမကြီး

## ဒေါ်တင်ရွှေ (၉၁) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ်(၁၁)နေ (ဦးအောင်ဖေ-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးဖိုးကြွေ)၏ဇနီး၊ (ဦးညွန့်တင်)-ဒေါ်တင်အေး၊ ဦးစိုး-(ဒေါ်သန်းရီ)တို့၏အစ်မကြီး၊ (ဦးသိန်းရွှေ)-ဒေါ်မြင့်မြင့်စိန်၊ ဦးလှသန်း-ဒေါ်ကြည်ဝင်း၊ ဦးသိန်းဟန်-ဒေါ်ဥမ္မာထွန်း(ခ)မနိုင်၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ခင်စန်းတို့၏ကျေးဇူးရှင်မွေးသမိခင်၊ ဦးသိန်းအေး(မြန်မာတိုင်းမ်နေ့စဉ်)-ဒေါ်မိုးပြာဟန်၊ ဦးအောင်မျိုးကျော်-ဒေါ်ကျော့ကျော့ခိုင်၊ ကိုကြည်ခိုင်ဇော်၊ ကိုကောင်းထက်ဇော်-မမိုးမိုးစန်း၊ မအေးမြတ်ချို၊ မောင်ကျော်ထွန်း-မသူဇာဝင်း၊ မောင်ညီမင်းသူ၊ မောင်ညီသုတတို့၏အဘွား၊ ဒေါက်တာထင်ပေါ်ဦး(YGH)၏အဘွား၊ မြေး ၁၅ ယောက်၊ မြစ် ၁၄ ယောက်တို့၏ဘွားဘွားကြီးသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Upa Lal Khuma

**အသက်(၈၁)နှစ်**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေးရပ်ကွက်၊ (၈၇) လမ်း၊ အမှတ်(၂၉)၊ လေးလွှာ (ညာ)နေ Pi Lalnghaki(ခ)ဒေါ်နုနု(L)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်မင်း(L)-ဒေါ်မိုးမိုး၊ Lalnunhlimi (ခ) မိမိသက်-ဦးကိုကိုလွင်၊ Lawmkima(ခ)ထွန်းထွန်း-Lalnunsiami၊ Chawnglianthangi(ခ)ထားထားဝင်း-ဦးဇေယျာစန်းမြင့်၊ Lalnuntluangi(ခ) လှလှထွေး-ဦးဇော်မင်းအောင်တို့၏ ဖခင်၊ မြေး ၁၇ ယောက်တို့၏ အဘိုးသည် ၁-၇-၂၀၁၉ ရက် နံနက် ၈း၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဈာပနဝတ်ပြုခြင်း အစီအစဉ်ကိုပြုလုပ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိသားစု ဆွေမျိုးသားချင်းများအား အသိပေးအပ်ပါသည်။ ( ကန်တော်လေးနေအိမ်၊ ဆူးလေ ဖောနွေလဘုရားကျောင်းရှေ့နှင့် ဗဟိုလမ်း၊ သံလမ်းမှတ်တိုင်(မြကန်သာ) အင်းစိန်သရက်တောထန်းပင်ကုန်းတို့မှ ကားများ မွန်းလွဲ ၁း၃၀ နာရီနှင့် မြောက်ဒဂုံ (စစ်တောင်းမှတ်တိုင်)မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ကျောင်းမြေ ဒါယိကာမကြီး

## ဆရာမကြီး ဒေါ်မြလှိုင် (မော်လမြိုင်)

**အသက် (၇၈) နှစ်**

**နာယကကြီး၊ အသောကာရုံ ရွှေကျင်စာသင်တိုက်၊ စော်ဘွားကြီးကုန်းနှင့် အင်းစိန် ဓမ္မဝါဒီ သီလရှင် စာသင်တိုက်**

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ဘုရင့်နောင်ရိပ်သာ(၃) လမ်း၊ အမှတ်(၈၁)နေ [ဦးပန်းအုံ-ဒေါ်အေးသင်(ရွှေဥဒေါင်းစတိုး၊ မော်လမြိုင်)]တို့၏ သမီး၊ [ဗိုလ်ကြီးကြည်မောင်(ကြည်း-၈၆၈၁)]၏ ချစ်လှစွာသောဇနီး၊ မော်လမြိုင်မြို့နေ (ဦးလှိုင်တင်-ဒေါ်တင်အေး)၊ [ဦးခင်(တိုင်းတရားရေးဦးစီးဌာန)-ဒေါ်ခင်ခင်ရွှေ]၊ (ဦးတင်မြင့်-ဒေါ်ကျင်သိန်း)၊ (ဦးတင်ဇော်-ဒေါ်လှတင်)တို့၏ ညီမ၊ ဦးအောင်ငွေ (အထက ကျောင်းအုပ်-ငြိမ်း)-ဒေါ်ခင်ဦးမြိုင်(အထပြ-ငြိမ်း)တို့၏အစ်မ၊ ဦးကျော်ဉာဏ်လင်း (SENIOR E/O MARINEC Co., Ltd)နှင့် (AUTO LION CAR SERVICE CENTRE)-ဗိုလ်ကြီးဒေါ်မွှေးမွှေးကြည်(ငြိမ်း)၊ ဦးရန်မျိုးနိုင်(နိုင်အထွေထွေရောင်းဝယ်ရေး)-ဒေါ်အေးအေး(အတွင်းရေးမှူး၊ ကရုဏာပရဟိတအဖွဲ့)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မလမင်းအိမ်(1st year Honour,English Major, Y.U)၊ မောင်ဝဏ္ဏအောင်(Final Year, BIT)၊ မောင်ဟိန်းထက်စိုး၊ မောင်ရဲရင့်နိုင်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းထွန်း

**(အမက-၈၊ ရွှေဒဂုံ၊ မှူ/အုပ်-ငြိမ်း)**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ တိုက်အမှတ်(၂၆)၊ ပထပ်(A)နေ (ဦးတိုက်လှ-ဒေါ်သိုက်)တို့၏ သား၊ (ဦးကျော်ထွန်း-ဒေါ်ပိုင်းရှင်)တို့၏ သားသမက်၊ ဒေါ်နုရင်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကြည်ဝင်း-မချိုချိုထွန်း၊ (မသူဇာထွန်း)၊ မောင်အောင်ကိုထွန်းတို့၏ ဖခင်၊ ဦးစိုးသိန်း-ဒေါ်ဌေးဌေး၊ ဦးစိုးသန်းတို့၏ အစ်ကိုသည် ၁-၇-၂၀၁၉ ရက် နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးဖေသန်း

**အသက်(၇၃)နှစ်**

**အလုပ်ရုံမှူး(ငြိမ်း)၊ မိတ္ထီလာ ချည်မျှင်နှင့် အထည်စက်ရုံ**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၅၅/ခ)နေ ဒေါ်အုန်းကြည်၏ မောင်၊ ဒေါ်ဖြူဖြူအေး၏ခင်ပွန်းသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၇း၁၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက် ၉ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစောထွင်

**အသက်(၆၂)နှစ်**

**(လမ်းမတော်)၊ အဏ္ဏဝါရေလုပ်ငန်း**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီယာ(၆)လမ်း၊ အမှတ်(၃၅၄)နေ (ဒေါ်တင်အောင်ဝင်း)၏ ခင်ပွန်း၊ မခင်စောယု (SMI Rental Services MM Ltd.)၊ ဗိုလ်ကြီးဝေလင်းအောင်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)-မသီရိအောင်၊ မောင်ဝေလင်းဖြိုး(SEEDS Restaurant)-မသီရိဟေမာန်သိန်း၊ မောင်ကောင်းဇံ၊ မောင်ထိန်လင်းအောင် (SEEDS Restaurant)-မသီရိကေခိုင်ထွန်းတို့၏ မွေးသဖခင်၊ မောင်ဘုန်းသစ်သွေး၊ မောင်အောင်ဘုန်းမင်းမြတ်တို့၏ အဘိုးသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၁၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အာနိစ္စ

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ မုခ်ဦးဒါယကာကြီး

## ဦးအောင်မြင့်

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် (၂၃၄)နေ ဦးအောင်မြင့်သည် ၁-၇-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၃)ရပ်ကွက်၊ ခရေပင်လမ်း၊ အမှတ် (၂၃၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြမြဝင်း (ခ) ဒေါ်နီနီ

**(ကင်းမော်၊ သံတွဲမြို့)**

**အသက် (၇၁) နှစ်**

သံတွဲမြို့ ကင်းမော်ရွာနေ (ဦးကျော်ညွန့်)၏ဇနီး၊ ဒေါ်စန်းသီတာ (ဒု/ညွှန်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)၊ (ကိုဝင်းဇော်မိုး)၊ ဦးကျော်နိုင်စိုး (Second Engineer-FG)-ဒေါ်နွယ်နီလာဝင်းတို့၏ မွေးသမိခင်၊ မောင်ရဲရင့်(အလက-၁၊ ဒဂုံ)၊ မောင်ညီစစ်တို့၏အဘွား ဒေါ်မြမြဝင်း(ခ) ဒေါ်နီနီသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၀၀း၁၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေပြည်တော်၊ ခုတင် (၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူ အားရည်စူး၍ ၄-၇-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီမှ ၈ နာရီအထိ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခနသိဒ္ဓိရပ်ကွက်၊ အခန်း(၁၂)၊ တိုက် (၁၃၀၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မဝင်းထွန်းခိုင်(ခ)ခင်သန်းစု

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၈) ရပ်ကွက်၊ လမ်း(၃၀)အပေါ်၊ အမှတ် (၂၂၂/၂၂၆)၊ ငါးလွှာနေ ဦးရဲထွန်း-ဒေါ်ဝင်းဝင်းနွယ်(ခ)ကျင်မိန်းတို့၏ သမီးထွေး၊ မနွယ်နွယ်ထွန်း၊ မခင်သိမ်းစု(ခ)ငုဝါ၊ မဇင်မာမာထွန်း(ခ)သန်းစုစုဌေးတို့၏ ညီမ၊ မောင်ထွန်းအောင်ကျော်၏ အစ်မသည် ၁-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၀း၃၀ နာရီအထိ လမ်း(၃၀)အပေါ်၊ လောကဝိဒူ ဓမ္မာရုံသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ပန်းဘဲတန်းမြို့နယ်

မလွန်ဆန်လှူအသင်းထောက်

## မဝင်းထွန်းခိုင်(ခ)ခင်သန်းစု

**အသက်(၃၃)နှစ်**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ လမ်း(၃၀)၊ အမှတ်(၂၂၂/၂၂၆)၊ ငါးလွှာနေ မလွန်ဆန်လှူအသင်းထောက်အတွင်းရေးမှူး ဦးရဲထွန်း-ဒေါ်ဝင်းဝင်းနွယ်(ခ)ဒေါ်ကျင်မိန်းတို့၏ သမီးထွေး မဝင်းထွန်းခိုင်(ခ)ခင်သန်းစုသည် ၁-၇-၂၀၁၉ ရက် နံနက် ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ပါရန် အသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

ပန်းဘဲတန်းမြို့နယ်

မလွန်ဆန်လှူအသင်း

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တတေဇောဘာသ

**မြန်အောင်မြို့ မြို့မတဲကြီးကုန်း၊**

**ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ သုခိတာရုံကျောင်း**

**သိက္ခာတော် (၇၆) ဝါ၊ သက်တော် (၉၆) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မတဲကြီးကုန်း အုပ်စု၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ သုခိတာရုံကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တ တေဇောဘာသ မဟာထေရ်မြတ်ကြီးသည် (၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်) ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ည ၈း၅၅ နာရီတွင် ဘဝနတ်နန်းစံမြန်းတော်မူသည်ဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၅ရက်) ၆-၇-၂၀၁၉ (စနေနေ့)တွင် အန္တိမဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သံဝေဂပွားများနိုင်စေရန် အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီအဖွဲ့

ဝေဠုဝန်ပရိယတ္တိစာသင်တိုက်

မြန်အောင်မြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဦးသောန (ခ) ဦးကျော်သိန်း

**သိက္ခာတော် (၈) ဝါ၊ သက်တော် (၆၆) နှစ်**

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံလမ်း၊ အောင်သိဒ္ဓိ မဟာမြိုင်(ဘက)ကျောင်းတိုက် ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတိက္ခာစာရ ၏တပည့်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်စိန်ညိုဦး၏မောင်၊ ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲနေ ဦးမောင်ဟန်သိန်း-ဒေါ်မသာစိန်တို့၏ညီ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဒေါ်မေမြ၏အစ်ကို၊ ကိုကျော်ကျော်အောင်-မဟေမာစိုး၊ ကိုဇော်ဇော်အောင်၊ မသူဇာအောင်၊ မခိုင်ဇာအောင်တို့၏ဖခင်၊ မအေးအေးအောင်၊ မနွေးနွေးအောင်၊ မောင်ဂျော်နသန်ကျော်အောင်တို့၏ အဘိုး ဦးသောနသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄း၅၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၂-၇-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်အန္တိမဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ဆရာတော်အားရည်စူး၍ ၆-၇-၂၀၁၉ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အောင်သိဒ္ဓိ မဟာမြိုင်(ဘက) ကျောင်းတိုက်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများ

## ဒေါ်သိန်းကြည် (အင်းရဲ၊ ကျုံပျော်)

**အသက် (၉၆) နှစ်**

ရန်ကုန်မြို့ အလုံမြို့နယ်၊ နံ့သာလမ်း၊ အမှတ်(၇၄)၊ မြေညီထပ်နေ (ဦးကောက်-ဒေါ်စောလှ)တို့၏သမီး၊ ဦးသန်းကြည်-(ဒေါ်စိန်သောင်း)တို့၏ အစ်မ၊ (ဒေါ်နွဲ့နွဲ့ရီ)၊ ဦးခင်ထွန်း၊ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စုစုလှိုင်တို့၏အဒေါ်၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘွား ဒေါ်သိန်းကြည်သည် ၁-၇-၂၀၁၉ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## Dr.စောအောင်လှ

**လက်ထောက်ဆရာဝန်၊ အဏုမြူဓာတ်ရောင်ခြည်ရောဂါရှာဖွေရေးဌာန(ငြိမ်း)**

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

**အသက် (၈၈) နှစ်**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးရေခဲလမ်း၊ အမှတ်(၉)နေ စောအေးဘိုးအောင်-ဒေါ်ငြိမ်းလှတို့၏သားကြီး၊ သိက္ခာတော်ရဆရာတော်စောဘိုးအနော်ရှသတို့၏ သားသမက်၊ နော်သိန်းနုဇံ၏ ခင်ပွန်း၊ စောတင်လှိုင်-နော်အက်ဂနစ်ဘိုးအောင်၊ စောအောင်လှထွန်း၊ စောဘဝင်း-ဒေါ်ဦးဦးမေ၊ ဦးပီတာမြဖေ-နော်မေရီဘိုးအောင်၊ စောအောင်ငြိမ်း-နော်နိုက်တင်ဂေးလ်တို့၏အစ်ကိုကြီး၊ စောလယ်ထူး၊ စောသေလာထူး [Singhai Marine Services (Yangon) Co.,Ltd]-နော်စေးရိဖော၊ စောဖောသာထူး(Pride MM Company Limited)-နော်စေးကလို (YWCA)၊ ဘုန်းတော်ကြီးစောဆာကပေါ်ထူး (ရှင်ဂျော့ဂျက်အသင်းတော်)-နော်ဖောဖောဝါးတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး Dr.စောအောင်လှသည် ၃၀-၆-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂-၇-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် နောက်ဆုံးပြုအပ်သော ဈာပနဝတ်ကို အမှတ်(၁၀၄)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ် သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ဆုတောင်းဝတ်ပြုပြီး ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးလှမိုးဦး

**အသက်(၆၅)နှစ်**

**EO (EMAS Offshore Singapore)**

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၂၄)၊ မြေညီ(ညာ)နေ (ဦးခင်မောင်စိန်)-ဒေါ်ခင်စန်းနုတို့၏ သား၊ ဒေါ်မြမြ (မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)၏ ခင်ပွန်း၊ ကိုကျော်မိုးဦး-မခိုင်ခိုင်ဇော်၊ ကိုဝင်းမင်းသိန်း-မခင်စန္ဒီမိုးဦးတို့၏ ဖခင်၊ မောင်နှစ်မ ခုနစ်ယောက်တို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၅ ယောက်တို့၏ ဦးလေး၊ မြေးရှစ်ယောက်တို့၏ အဘိုး ဦးလှမိုးဦး သည် ၁-၇-၂၀၁၉ ရက် နံနက် ၂း၄၀ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ကြေးမုံ ယနေ့ဖတ်စရာ**

**ထိုင်းနိုင်ငံမှ မိမိဆန္ဒအလျောက် နေရပ်ပြန်လာသူ မြန်မာနိုင်ငံသား ၁၅၇ ဦးအား ကြိုဆို**

စာမျက်နှာ » ၅

**ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကက်အား အစ္စရေး လေကြောင်းမှ တိုက်ခိုက်၊ အရပ်သားလေးဦး သေဆုံး**

စာမျက်နှာ » ၁၂

**ဖိလစ်ပိုင် မူးယစ်နှိမ်နင်းမှု စစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့ဝင် ၅၀ ထက်မနည်း သေဆုံး**

စာမျက်နှာ » ၁၃




ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် သက်ထားသူဇာအား တွေ့ရစဉ်။

# ဘီနင်နိုင်ငံတွင် ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ချန်ပီယံဆု ဆွတ်ခူး

ရန်ကုန် ဇူလိုင် ၁

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဇွန် ၂၇ ရက်မှ ၃၀ ရက်အထိ ဘီနင်နိုင်ငံ၌ ကျင်းပသည့် International Series ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိခဲ့သည်။ သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံတကာပြိုင်ပွဲများ၌ ချန်ပီယံဆု ငါးကြိမ်မြောက် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

## အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် မြန်မာအသင်း လေ့ကျင့်ပြင်ဆင်နေ

**ရန်ကုန် ဇူလိုင် ၁**

ဩဂုတ်လတွင် ကျင်းပမည့် ၂၀၁၉ အာဆီယံ ယူ-၁၈ ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၈ အသင်းသည် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး လက်ရှိတွင် ကစားသမားအချို့ထပ်တိုးကာ စုစုပေါင်း ၂၈ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

**စောင့်ကြည့်လေ့လာ**

မြန်မာ ယူ-၁၈ အသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းသည် ကစားသမားများ ရွေးချယ်ရန် လိဂ်ပွဲစဉ်များအားလုံး လိုက်လံကြည့်ရှုလျက်ရှိသလို MFF နည်းစနစ်ကော်မတီ ရွေးချယ်ရေးအဖွဲ့က ရွေးချယ်ပေးထားသည့် ကစားသမားများကို ပြန်လည်လေ့လာကာ ကစားသမားများ အပြောင်းအလဲပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းတွင် ရွေးချယ်နိုင်သည့် ကစားသမားများမှာ MNL စီနီယာလိဂ်ပြိုင်ပွဲ၊ MNL ယူ-၂၁ နှင့် ယူ-၁၉ ပြိုင်ပွဲတို့တွင်ရှိနေပြီး ကစားသမား ၂၀၀ နီးပါးကို စောင့်ကြည့်လေ့လာလျက်ရှိသည်။

**ဝင်ရောက်ယှဉ်ပြိုင်**

မြန်မာ ယူ-၁၈ အသင်းသည် နှစ်ဆန်းပိုင်းတွင် ပြည်တွင်းပြိုင်ပွဲဖြစ်သည့် ၂၀၁၉ ရာသီ MNL ယူ-၂၁ အမှတ်ပေးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သလို ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများဖြစ်သည့် မတ်လတွင် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ၊

စာမျက်နှာ ၇ ကော်လံ ၃ သို့



မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားများ လေ့ကျင့်နေစဉ်။

## ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇူလိုင် ၁**

တရုတ်နိုင်ငံ ဝူဟန်မြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ ဝူဟန် ယူ-၁၄ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အုပ်စုနှစ်ပွဲဆက် ရှုံးနိမ့်ထားကာ နောက်ဆုံးပွဲကို ယနေ့ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**အမှတ်မရသေး**

မြန်မာ ယူ-၁၄ အသင်းသည် ယင်းပြိုင်ပွဲတွင် အုပ်စု(က)၌ ပါဝင်ခဲ့ပြီး ဇွန် ၂၉၊ ၃၀ ရက်တို့တွင် ယှဉ်ပြိုင်ကစားသည့် အုပ်စုပွဲများတွင် အာရှထိပ်သီးအသင်းများကို ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်တရုတ်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ တောင်ကိုရီးယားအသင်းကို ငါးဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ထားပြီး အမှတ်မရသေးပေ။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၂ ရက်တွင် အင်ဒိုနီးရှား ယူ-၁၄ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် မြန်မာ၊ တရုတ်၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ အုပ်စု (ခ)တွင် ဝူဟန်၊ မြောက်ကိုရီးယား၊ ဂျပန်ကလပ် အိုဆာကာနှင့် မလေးရှား ယူ-၁၄ အသင်းတို့ ပါဝင်နေသည်။

အုပ်စုပွဲများအပြီးတွင် အုပ်စုတွင်းရပ်တည်မှုအပေါ်မူတည်၍ အဆင့်ရပ်တည်မှုပွဲများ ဆက်လက်ကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/ ၂၀၁၇၊ တအဆလ/တိုး(၅၄) တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
ကွမ်းရွက်ပုံ ဆေးကအောင်
တွမ်းရွက်ပုံတိုင်းရင်းဆေးအား ပုံသည့် ဗြို့ရွာများကို မျှော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ ပိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
မြန်မာ့တိုင်းရင်းဆေးပက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။
ဇမ္ဗုန်းရှင် လေငန်းလိမ်းဆေးရည်